မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ဂုဏ်သတင်းပို့နှုံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်း အနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပို့နှုံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ခမ္မပဒ-၅၄)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ စနေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၂၈)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Tor Saralamba သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ရှိနိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။

ယနေ့ ဇာတ် စ ရာ

စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင် ကဏ္ဍ၏ ခြေလှမ်းသစ်များ

သတင်းဆောင်းပါး ➢ ၆

ကာကွယ်ဆေးသုတေသနမြှင့်တင်ရန် မလေးရှားနိုင်ငံက နိုင်ငံတကာ ကာကွယ်ဆေး အင်စတီကျူသို့ ဝင်ရောက်

နိုင်ငံတကာသတင်း ➢ ၁၄

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင် အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်း သူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

ပြည်တွင်းသတင်း ➢ ၁၆

ခရီးသွားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်များ ပြေးဆွဲပေးမည်

နေပြည်တော် ဩဂုတ် ၂၈

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွား ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားအမှတ် ည-၁၊ ည-၃၊ ည-၅၊ ည-၇၊ ည-၉၊ ည-၁၁ ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ်နှင့် ည-၂၊ ည-၄၊ ည-၆၊ ည-၈၊ ည-၁၀၊ ည-၁၂ ဒဂုံတက္ကသိုလ်-တိုးကြောင်ကလေး-ရန်ကုန် ရထားခရီးစဉ်များကို ဘက်ထရီရထားစက်ခေါင်းဖြင့် တစ်တွဲလျှင် ခရီးသည် ၆၂ ဦးလိုက်ပါနိုင်သည့် ရိုးရိုးတန်းတွဲ (၆) တွဲပါဝင်သော တွဲဆိုင်းအားအသုံးပြု၍ တစ်ရက်လျှင် အစုန်/အဆန် လူစီးရထား(၁၂)ခေါက်ကို စက်တင်ဘာ ၁ ရက်မှ စတင်၍ နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ❑

ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ပြေးဆွဲပေးမည့် ဘက်ထရီရထားကို တွေ့ရစဉ်။

ဖလမ်းမြို့နယ်အတွင်း ဒေသခံပြည်သူ ၄၁၅၀ နေရပ်ပြန်လည်နေထိုင်

နေပြည်တော် ဩဂုတ် ၂၈

ဖလမ်းမြို့ကို တပ်မတော်က အလုံးစုံထိန်းချုပ်ပြီးနောက် တိုက်ပွဲရှောင်ပြည်သူများသည် နေရပ်သို့ ပြန်လာကြရာ မေ ၆ ရက်မှ ဩဂုတ် ၂၇ ရက်အထိ ဖလမ်းမြို့ရှိ မြို့ပေါ်ရပ်ကွက် ရှစ်ခုသို့ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၃၆၅၉ ဦးရှိပြီဖြစ်ကာ ဖလမ်းမြို့နယ်အတွင်း ပြန်လည်ဝင်ရောက်နေထိုင်သူစုစုပေါင်း ၄၁၅၀ ရှိပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်စီမံချက်ဖြင့် AI ECG အသုံးပြု၍ အခမဲ့စမ်းသပ်စစ်ဆေးပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

"မြန်မာနိုင်ငံ နှလုံးရောဂါ အန္တရာယ်အကဲဖြတ်စနစ်စီမံချက်" ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းကရုဏာဆေးပညာဆိုင်ရာ သိပ္ပံနှင့် နည်းပညာကုမ္ပဏီ (Benefm) တို့ ပူးပေါင်းပြီး မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ် အဖြစ် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးနှင့် ကန်သာယာဆေးရုံတို့တွင် အခြေပြု၍ ပထမအဆင့်အနေဖြင့် လူဦးရေ တစ်သိန်းကို တစ်နှစ်အတွင်း အခမဲ့ စမ်းသပ်ပေးလျက်ရှိသည်။

ယင်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နေပြည်တော် (ခုတင်-၁၀၀၀)

စာမျက်နှာ ၃ ကော်လံ ၅ ✻

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်စိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂) စုံညီခုံရုံး၌ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၈ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၆၆၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂ၁၅၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉ - ၈ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၇၁၀	၃၈၆၅	၃၈၀၅	၃၇၂၅	၃၈၆၅	၃၈၈၀	၃၉၁၀	၃၇၉၅	၄၁၆၀	၄၁၉၀	၃၈၁၅	၃၉၃၀	၃၉၀၅	၃၈၆၅	၃၈၀၅	၄၁၀၅
95 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၂၉၅	၃၉၂၀	၄၀၅၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
HSD (500 ppm)	၄၂၉၀	၄၃၈၅	၄၃၄၀	၄၂၆၅	၄၃၉၀	၄၄၀၅	၄၄၃၅	၄၃၂၀	-	၄၇၀၀	၄၃၄၀	၄၈၅၀	၄၄၂၅	၄၃၈၅	၄၃၈၅	၄၆၁၅
HSD (50 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၅၅	၅၂၉၀	၅၃၄၅	၅၃၆၀	၅၂၂၅	၅၅၉၀	၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၀၅	၅၂၉၅	၅၂၉၅	၅၅၈၅
HSD (10 ppm)	၅၁၄၀	၅၂၉၅	၅၂၄၅	၅၁၅၅	၅၂၉၀	၅၃၄၅	၅၃၆၀	၅၂၂၅		၅၆၂၀	၅၂၄၅	၅၃၈၅	၅၃၀၅	၅၂၉၅	၅၂၉၅	၅၅၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၁၀	၃၆၁၄
95 Ron	၃၆၁၃	၃၇၁၉
HSD (500 ppm)	၄၀၃၇	၄၁၄၇
HSD (50 ppm)	၄၈၉၅	၅၀၂၃
HSD (10 ppm)	၄၈၉၅	၅၀၂၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင်
စာတည်းမှူး	-	ခင်ရတနာ			ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းများ	-	ကျော်ဇေယျာဖြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်မိုး
ဘာသာပြန်စာတည်း	-	ခြူးစန်ဒွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မိုမိုအေးနှင့် ခွဲ့ခွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၄၂၊ ဖက်စ် ၀၆၇-၃၆၁၄၄၂၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၁၊ ဒီဇိုင် ၀၁-၅၄၄၃၀၁၊ ဌေးစာရင်း ၀၁-၅၄၄၃၀၆၊ ကြော်ငြာ ၀၁-၅၄၄၈၃၀၊ ၀၁- ၅၅၉၁၁၀။ Fax ၀၁-၅၄၄၆၂၂၀၊ ၀၆၇-၃၆၁၄၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၁၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper

မြန်မာ့အလင်း

ကလေးသူငယ်နှင့် လူငယ်များအား ဆိုက်ဘာနယ်ရှိ အန္တရာယ်များမှကာကွယ်

အရွယ်မရောက်သေးသူများ လူမှုကွန်ရက်အသုံးပြုခြင်းအပေါ် ကန့်သတ်ရှိနိုင်သင့်အများအပြားတို့တွင် ထိန်းချုပ်မှုများ ပြုလုပ်လာကြသည်ကို သတင်းများတွင် မကြာခဏတွေ့ရသည်။ လူမှုကွန်ရက်များကို အလွန်အကျွံ အသုံးပြုခြင်းသည် အရွယ်မရောက်သေးသူများ၏ ကျန်းမာရေးနှင့် အကျိုးစီးပွားကို ထိခိုက်စေနိုင်သည်ဆိုသည့် စိုးရိမ်မှုများ မြင့်တက်လာနေချိန်တွင် ဂျပန်အစိုးရက စည်းမျဉ်းအသစ်များ ချမှတ်ရန် စဉ်းစားနေကြောင်း၊ ဖီလစ်ပိုင်တွင်လည်း အသက် ၁၃ နှစ်နှင့်အောက် ကလေးများအား လူမှုကွန်ရက်နှင့် အွန်လိုင်ဂိမ်းပလက်ဖောင်းများ အသုံးပြုခြင်းကို လုံးဝပိတ်ပင်ရန်နှင့် အသက် ၁၄ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များ၏ အသုံးပြုမှုကို စည်းမျဉ်းများဖြင့် ထိန်းချုပ်ရန် ဥပဒေမူကြမ်း ရေးဆွဲနေကြောင်း စသည်သတင်းများကို မကြာခဏ တွေ့ရှိရသည်။

အရွယ်မရောက်သေးသူ ကလေးများနှင့် လူငယ်များ အဓိက ကြုံတွေ့ကြရသည့် အွန်လိုင်းအန္တရာယ်များမှာ ဆိုရှယ်မီဒီယာများနှင့် အွန်လိုင်ဂိမ်းများတွင် အခြားသူများ၏ စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် နှောင့်ယှက်ခြင်းကဲ့သို့သော အွန်လိုင်းအနှိုင်ကျင့်ခြင်း (Cyberbullying)၊ လုပ်ကြံဖန်တီးထားသည့် သတင်းတုများဖြင့် လှည့်စားခြင်း၊ အတုအယောင်မိတ်ဆွေဖွဲ့၍ လိမ်လည်ခြင်းနှင့် ငွေကြေးတောင်းခံခြင်း၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် သို့မဟုတ် ဓာတ်ပုံကဲ့သို့သော အချက်အလက်များကို မလုံခြုံဘဲ မျှဝေမိခြင်းမှ အမြဲထုတ်ဆုံခံပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပေါက်ကြားခြင်း၊ အသက်အရွယ်နှင့် မလျော်ညီသော အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာရုပ်ပုံနှင့် ဗီဒီယိုများ သို့မဟုတ် အမုန်းစကားများနှင့် ဆက်သွယ်မိခြင်းကဲ့သို့သော မသင့်လျော်သည့် အကြောင်းအရာများနှင့် တွေ့ကြုံရခြင်း၊ အသက်မပြည့်သေးသူများကို လိင်ပိုင်းဆိုင်ရာ မလျော်မကန် ဆက်သွယ်စကားပြောခြင်းနှင့် ဓာတ်ပုံ/ဗီဒီယို တောင်းခံ၍ အွန်လိုင်းမှတစ်ဆင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ် စော်ကားခြင်း စသည်တို့ဖြစ်သည်။

ဩစတြေးလျနိုင်ငံသည် အသက် ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်သုံးစွဲခွင့်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ကမ္ဘာတွင် ပထမဦးဆုံး တရားဝင်ကန့်သတ်ပိတ်ပင်သည့် နိုင်ငံဖြစ်လာသည်။ အင်ဒိုနီးရှားနိုင်ငံသည် အသက် ၁၆ နှစ်အောက်ကလေးများ လူမှုကွန်ရက်သုံးစွဲမှုကို ယခုနှစ် မတ်လ ၂၈ ရက်တွင် တရားဝင် ပိတ်ပင်ခဲ့ရာ အာရှတွင် ပထမဆုံးပိတ်ပင်သည့် နိုင်ငံဖြစ်လာပြီး ယခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မလေးရှားက အသက် ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက် အကောင့်သစ် ဖွင့်လှစ်သုံးစွဲခွင့်ကို တရားဝင် ပိတ်ပင်ခဲ့သည်။ နယူးဇီလန်၊ ပြင်သစ်၊ နော်ဝေ၊ တူရကီယဲ၊ ဒိန်းမတ်၊ ယူအေအီး စသည့်နိုင်ငံများတွင်လည်း အသက် ၁၅ နှစ် သို့မဟုတ် ၁၆ နှစ်အောက် ကလေးများ လူမှုကွန်ရက်သုံးစွဲခွင့်ကို ပိတ်ပင်သည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရန် ဆွေးနွေးပြင်ဆင်နေကြသည်ဟု သိရသည်။

အွန်လိုင်းအနိုင်ကျင့်ခြင်းအပါအဝင် အွန်လိုင်းမှ စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း စသည်တို့မှာ လူမှုကွန်ရက်များ၊ အွန်လိုင်းဂိမ်းများ စသည့် အပြန်အလှန်မက်ဆေ့ချ်ပို့နိုင်သည့် ပလက်ဖောင်းများမှတစ်ဆင့် ပြုလုပ်ကြခြင်းဖြစ်သည်။ အွန်လိုင်းမှ အနိုင်ကျင့် ခြိမ်းခြောက်ခံရခြင်းသည် ပြင်ပလောကတွင် ဖြစ်ပေါ်သည်ထက်ပို၍ စိတ်ဖိစီးမှုကြီးမားစေသည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

အရွယ်မရောက်သေးသူ ကလေးများနှင့် လူငယ်များ၏ အကျင့်စာရိတ္တနှင့် အတွေးအခေါ်၊ ယဉ်ကျေးမှုတို့ကို ထိခိုက်စေနိုင်သော အွန်လိုင်းပေါ်မှ စာပေနှင့် အကြောင်းအရာများသည်လည်း ကလေးများနှင့် လူငယ်များအတွက် အန္တရာယ်ဖြစ်သည်။ တရားဥပဒေကို ဖောက်ဖျက်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားပေးလှုံ့ဆော်သည့် အကြောင်းအရာများ၊ လူ့အသိုက်အဝန်း၏ အစဉ်အလာကို ဆန့်ကျင်သော လိင်ပိုင်းဆိုင်ရာ ဖောက်ပြန်မှု သို့မဟုတ် အကျင့်စာရိတ္တပျက်ပြားမှုတို့ကျူးလွန်ရန် သွယ်ဝိုက်ဆွဲဆောင်သည့် စာပေများ၊ အချို့ကိုတို့အတွင်း နာမည်ကြီး ထင်ပေါ်ကျော်ကြားရန်အတွက် မမှန်မကန်လူနေမှုပုံစံများ စသည်တို့ကိုလည်း အွန်လိုင်းပေါ်ရှိ လူမှုကွန်ရက်များတွင် တွေ့မြင်နိုင်ရာ ကလေးများနှင့် လူငယ်များအပေါ် အန္တရာယ်မကျရောက်စေရန် ပိုင်းဝန်းကာကွယ်ပေးကြရမည်ဖြစ်သည်။

အွန်လိုင်းမှ အတုယူမှုများစေသည့် စာပေနှင့် အကြောင်းအရာများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အတွက် ကလေးများနှင့် လူငယ်များအား စာကောင်းပေမွန်နှင့် အဆိပ်အတောက်စာကို ဝေဖန်ပိုင်းခြားနိုင်အောင် လေ့ကျင့်သင်ကြားပေးခြင်း၊ ဖတ်ရသမျှအားလုံးကို ယုံကြည်မည့်အစား ဆန်းစစ်စေခြင်း၊ ၎င်းတို့သုံးစွဲသည့် ဖုန်း/ကွန်ပျူတာများတွင် Parental Control ကဲ့သို့ နည်းပညာဖြင့် ထိန်းချုပ်ခြင်း၊ မှန်ကန်သည့် အသိပညာဗဟုသုတ တိုးပွားစေရန် စာကောင်းပေမွန်များ လမ်းညွှန်ပေးခြင်း၊ မိဘနှင့် သားသမီး မိသားစုအတွင်း အွန်လိုင်းတွင်တွေ့ရသည့် အကြောင်းအရာများအပေါ် တိုင်ပင်ဆွေးနွေးခြင်းတို့ဖြင့် အွန်လိုင်းမှအန္တရာယ်များကို ကာကွယ်ကြရပါမည့်အကြောင်း။ ။

“ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ ဆွေးနွေး ”

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba နှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❍ ရွှေဖုံးမှ

ဦးစွာ ထိုင်းနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၊ ဂုဏ်ပြုဆောင်ခန်းမကြီးသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ထိုင်းနိုင်ငံအလံတို့အား အလေးပြုသည်။ ထို့နောက် ထိုင်းနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Tor Saralamba က ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ကောင်းမွန်သော သံတမန်ဆက်ဆံမှုများနှင့်အတူ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ခွဲခွာ၍မရသော အပြန်အလှန်နားလည်ယုံကြည်ရသည့် အိမ်နီးချင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသလုံခြုံမှုနှင့် တည်ငြိမ် အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံသည် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ဝေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမ ဆောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Tor Saralamba ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

❖ ရွှေဖုံးမှ

ယမန်နေ့ ညနေပိုင်းက ကလေး-ဖလမ်းလမ်းပိုင်း ဖလမ်းမြို့အင်တွင်း ကလေးမြို့မှ ဖလမ်းမြို့သို့ နေရပ်ပြန်လာသည့် ဒေသခံပြည်သူ ၉၆ ဦးကို ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နေရပ်ပြန်ဒေသခံပြည်သူများကို စာရင်းကောက်ယူနေမှု၊ ကော်ဖီနှင့်မုန့်တိုက်ကျွေးနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုအားပေးကာ ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဖလမ်းမြို့တွင်း တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် ဌာနဆိုင်ရာ အဆောက်အအုံများကို အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်လျက်ရှိရာ ဖလမ်းမြို့ ဖါရိထောက်ရပ်ကွက်ရှိ ပညာရေးဌာနဝန်ထမ်းအိမ်ရာပြုပြင်နေမှုနှင့် မူလတန်းလွန်ကျောင်း ကျောင်းဆောင် ပြုပြင်နေမှု၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ၂ ခန်းတွဲ ၂ ထပ် နှင့် ၄ ခန်းတွဲ ၂ ထပ် အိမ်ရာများ ပြုပြင်နေမှု၊ ကျင်မွာလှရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့ ၆ ခန်းတွဲ ၂ ထပ် အိမ်ရာပြုပြင်နေမှု၊ ကျန်းမာရေးဌာန ဝန်ထမ်းအိမ်ရာပြုပြင်နေမှု များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဌာနဆိုင်ရာ အဆောက်အအုံများအနက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိနေအိမ်၊ ဦးစီးအရာရှိ(မြို့ပြ)ရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှု၊ မြန်မာ့စီးပွားရေးဘဏ် ရုံးအဆောက်အအုံ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ရုံးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံး ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း စတိုဆောင် ပြုပြင်ခြင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်း အုပ်ချုပ်မှုရုံး၊ ၂ ထပ် သင်တန်းခန်းမဆောင်၊ စားရိပ်သာ၊ မီးဖိုချောင်၊ သင်တန်းခန်းမနှင့် သင်တန်းသူ ၂ ထပ် အိပ်ဆောင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မြို့နယ်သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ ၄ ခန်းတွဲ ၂ ထပ် အဆောက်အအုံ ပြုပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၆ ခန်းတွဲ ဝန်ထမ်းအိမ်ရာ RC ၂ ထပ် ပြုပြင်ခြင်း၊ မီးသတ်ရေကန် ပြုပြင်ခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး နေအိမ်နှင့်ကပ် တစ်ထပ် ပြုပြင်ခြင်း၊ လမ်းဦးစီးဌာန ဧည့်ရိပ်သာ ပြုပြင်ခြင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

* ရွှေဖုံးမှ

ပြည်သူ့ဆေးရုံကြီး၌လည်း နှလုံးရောဂါအန္တရာယ်အကဲဖြတ်ရန် AI ECG ဝတ်ဆင်ကိရိယာကို ၂၄ နာရီ ဝတ်ဆင်၍ စမ်းသပ်စစ်ဆေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

“AI ECG ဝတ်ဆင်ပြီးတော့ စမ်းသပ်စစ်ဆေးရမှာ ဖြစ်ပါတယ်။ အဓိက စမ်းသပ်စစ်ဆေးသင့်တဲ့သူတွေကတော့ နှလုံးရောဂါရှိတဲ့သူတွေ၊ သွေးတိုး၊ ဆီးချိုရှိတဲ့သူတွေအပြင် မည်သူမဆို နေပြည်တော် (ဒုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါ အထူးကြပ်မတ်ကုသမှုဌာနမှာ အခမဲ့လာရောက် စစ်ဆေးနိုင်ပါတယ်” ဟု နေပြည်တော် (ဒုတင်-၁၀၀၀) ဆေးရုံကြီး ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာလှဌေးမင်းက ပြောသည်။

ပိတ်ရက်မရှိ လာရောက်စစ်ဆေးနိုင်

အဆိုပါစမ်းသပ်စစ်ဆေးမှုကို ၂၀၂၆ ခုနှစ် မေလမှ စတင်ဆောင်ရွက်ခဲ့ရာ စမ်းသပ်စစ်ဆေးခံသူဦးရေ ၂၃၀၀ ခန့်ရှိပြီဖြစ်ပြီး အချိန်ကာလ အားဖြင့် တစ်နှစ်တိတိ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ နေပြည်တော်နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများ၊ စမ်းသပ်စစ်ဆေးခံမည့်သူများအနေဖြင့် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသမှုဌာနရှိ ဒေါက်တာအောင်ကိုဦး (နှလုံးအထူးကုဆရာဝန်ကြီး) ထံသို့ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ပိတ်ရက်မရှိ လာရောက်စစ်ဆေးနိုင်ကြောင်း သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့မှ ဗိုလ်လောင်းများ၏ စစ်လက်ရုံးရွေးချယ်ပွဲများသို့ တက်ရောက်စီစစ်ရွေးချယ်

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့ဝိုက်ရှိ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၉) နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)တို့၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စီစစ်ရွေးချယ်သည်။ (ယာပုံ)

စီစစ်ရွေးချယ်

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဂါဝန နာနှင့် ကြိုးစားအားထုတ်မှုများ၊ နည်းပညာ ဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက် ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှုနှင့် ၎င်းတို့ စိတ်ပါဝင်စားမှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စီစစ်ရွေးချယ်ပေးခဲ့ကြသည်။

အားပေးစကားပြောကြား

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်းရှိ ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်လန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ကျင်းပပြုလုပ်ရာ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိစေးဖေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရှေ့တန်းပြန် တပ်မတော်သားများနှင့် အတူ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ မော်တာစက်ချုပ် သင်တန်းဖွင့်

ပဲခူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်း ကော်မတီမှ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ မော်တာစက်ချုပ် (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာသက်က သင်တန်းဖွင့်လှစ်မည့် အခြေအနေများ၊ သင်တန်းမှ ရရှိမည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၂

❑ *ရှေ့ဖုံးမှ*

ရထားပြေးဆွဲမှုအနေဖြင့် ဒဂုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းချိန် အဆင်ပြေစေရန် ကျောင်းတက်ချိန် နံနက် ၈ နာရီဖြစ်၍ ည-၁ အဆန်းရထားသည် ရန်ကုန်ဘူတာမှ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ဒဂုံတက္ကသိုလ်ဘူတာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ ကျောင်းဆင်းချိန် မွန်းလွဲ ၃ နာရီဖြစ်၍ည-၁၀ အစုန် ရထားသည် ဒဂုံတက္ကသိုလ်ဘူတာမှ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ကျန် ရထားများမှာလည်း သတ်မှတ်အချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လမ်းခရီးတွင် ပုဇွန်တောင်၊ မလွကုန်း၊ နှင်းဆီကုန်း၊ သၚ်နီးကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်းကလေး ဘူတာများ၌ ဘူတာစဉ် ရပ်တန့်ပေးမည်ဖြစ်သည်။ရထားလက်မှတ်ခအနေဖြင့် မည်သည့် ဘူတာအတွက်မဆို တစ်ဦးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့် ခရီးသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထား လမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက အခြားလမ်းပိုင်းများဖြစ်သော ပသိမ်-ဟသံတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား-မိုးညှင်းလမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းနှင့် လက်ပံတန်း-သာရဓေါလမ်းပိုင်း စသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ရန်ကုန်-ဒဂုံတက္ကသိုလ် ရထားခရီးစဉ်တွင် ခရီးသည်၊ ကျောင်းသား ကျောင်းသူများ စီးနင်းမှုများပြားလာပါက ရထားထပ်တိုး ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကြိုပင်ကောက်မြို့၌ ဗီယက်နမ်စပါးမျိုး စံကွက်ရိတ်သိမ်း တစ်ဧက ၁၂၈ တင်းထွက်ရှိ

ကြိုပင်ကောက် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ရာသီအတွင်း ဗီယက်နမ်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က အောင်ပင်သာကျေးရွာအုပ်စု ကွင်းအမှတ် ၅၀၆A သွတ်ကုန်းကျေးရွာမှ တောင်သူဦးဝမ်းတင်၏ ဗီယက်နမ်စပါးစိုက်ခင်း ၉ ဧကတွင် ပြုလုပ်ခဲ့ရာ တစ်ဧက ၁၂၈ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ ဗီယက်နမ်စပါးမျိုးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အကူအညီဖြင့် ဝယ်ယူစိုက်ပျိုးထားခြင်းဖြစ်ပြီး သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ ပေါင်းစပ်ထည့်သွင်းစိုက်ပျိုးထားခြင်းဖြစ်ကြောင်း၊ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၂၈ တင်းခန့် ထွက်ရှိခဲ့ကြောင်း ဖြင့် ယခင်နှစ်က တစ်ဧကလျှင် တင်း ၁၁၀ ခန့်သာ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်များဖြင့် စိုက်ပျိုးခဲ့သောကြောင့် အထွက်နှုန်း တိုးတက်ရရှိခဲ့ကြောင်း တောင်သူဦးဝမ်းတင်ထံမှ သိရသည်။

မြို့နယ် (ပြန်/ဆက်)

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးပြီး စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ လိုက်ပါ၍ ယနေ့ညနေ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ နိုင်ငံတော်ပုံခြဲရေးနှင့် ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသနေမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။(ယာဝုံ)

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်နီလာနှင့် အဖွဲ့ဝင်များသည် သားဖွားမီးယပ်နှင့် မွေးကင်းစ ကုသဆောင်သို့ သွားရောက်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးလူနာများကို တွေ့ဆုံအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်နှင့် စစ်ရေးချုပ်တို့က ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာ အဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက် ရှိမှုနှင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။(အောက်ဝဲပုံ)

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှု ရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်၊ အထပ်မြင့်အဆောက်အအုံများကိုသဘာဝဘေးအန္တရာယ် ကာကွယ်နိုင်အောင် စနစ်တကျ တွက်ချက်ဆောက်လုပ်သွားရန်၊ တည်ဆောက်ပြီးစီးသည့် အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျ နေရာချထားပေးသွားရန်၊ ပြောင်း ရွှေ့ရောက်ရှိလာမည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုများ အဆင်ပြေစွာဖြင့် အဆင်သင့် နေထိုင်စားသောက်နိုင်ရေးအတွက် အခြေခံစားကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ပေးထားမှုများကို လုည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး အိမ်ရာတွင် နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာနှင့် ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်

မော်လမြိုင် ဩဂုတ် ၂၈

ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာနှင့် ရန်မျိုးအောင်ရပ်ကွက် ရေဘေးသင့် ပြည်သူ ၉၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၇၀၀၀၀၊ အောင်သုခရပ်ကွက် ရေဘေးသင့် ပြည်သူ ၃၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၈၀၀၀၀၊ စုစုပေါင်းပြည်သူ ၁၃၀ အတွက် ရေဘေးထောက်ပံ့ငွေကျပ် ၆၅၀၀၀၀ နှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ရန်မျိုးအောင်ရပ်ကွက် ရသေ့ကျောင်း (ဘုန်းကြီးကျောင်း)နှင့် အောင်သုခရပ်ကွက် Cyclone Shelter တို့၌ ရေဘေးရောင်ပြည်သူများအား တွေ့ဆုံကာ အခြေခံစားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပြီး ကျိုက်မရောမြို့နယ် အနိမ့်ပိုင်းဒေသရှိ ရေကြီးနစ်မြုပ်ခဲ့သည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နံနက်ပိုင်းကလည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး ဆေးကုသမှုခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အားပေးစကားများ ပြောကြားကာ လိုအပ်သည်များ

စည်သူ(ပြန်/ဆက်)

(၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်ခိုရေးစခန်းရှိ ဆင်ဖြူရင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းပြိုင်ပွဲများအဖြစ် ခေတ်ပေါ်တေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၉ ဦးက ရှုးရှုးမိုက်မိုက် အချစ်သီချင်းဖြင့် လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ (နန်းတွင်းယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့က လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တိုင်းရင်းသားယိမ်း)ကို ပြိုင်ပွဲဝင်အဖွဲ့ ခြောက်ဖွဲ့က လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ (တစ်ဦးချင်း)(အမျိုးသား)ကို ပြိုင်ပွဲဝင် ၁၇ ဦးက လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲ(တစ်ဦးချင်း)(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၇ ဦးကလည်းကောင်း အသီးသီး ကပြဖျော်ဖြေယှဉ်ပြိုင်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ သတင်းစဉ်

စမတ်ဂရစ် (Smart Grid) ရင်ခုန်သံနှင့် မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍ၏ ခြေလှမ်းသစ်များ

သတင်းဆောင်းပါး - Smart Team

ယနေ့ ခေတ်တွင် လျှပ်စစ်စွမ်းအင်သည် ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ကျန်းမာရေး၊ ပညာရေးအပါအဝင် နေ့စဉ်လူနေမှုဘဝ၊ စက်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများနှင့် ဒီဂျစ်တယ်နည်းပညာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအရင်းအမြစ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၊ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်မှု၊ လူမှုဘဝအရည်အသွေးမြင့်မားလာမှုနှင့် စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့သည် ယုံကြည်စိတ်ချရပြီး ထိရောက်သော လျှပ်စစ်ဓာတ်အားစနစ်တစ်ခုအပေါ် များစွာမူတည်လျက်ရှိပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ လုံခြုံစိတ်ချရမှု၊ ထိရောက်မှု၊ တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့နိုင်မှုတို့ကို မြှင့်တင်နိုင်ရေးသည် ယနေ့ခေတ် စွမ်းအင်ကဏ္ဍ၏ အဓိကဦးတည်ချက်တစ်ရပ် ဖြစ်လာခဲ့ပါသည်။

ကမ္ဘာတစ်ဝန်းတွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်း၊ လျှပ်စစ်မော်တော်ယာဉ် (EVs) အသုံးပြုမှုမြင့်တက်လာခြင်းနှင့် AI နည်းပညာ ဖွံ့ဖြိုးလာမှုနှင့်အတူ ဒေတာစင်တာများကဲ့သို့ လျှပ်စစ်ဓာတ်အား အလွန်လိုအပ်သောလုပ်ငန်းများ ပိုမိုများပြားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် နှစ်စဉ်တိုးတက်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ကာဗွန်ထုတ်လွှတ်မှု လျော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင်သို့ကူးပြောင်းရေးမူဝါဒများအရ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် အခြားပြန်ပြည့်မြဲစွမ်းအင်များကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ ယင်းအခြေအနေများသည် လျှပ်စစ်ဓာတ်အား ကွန်ရက်များအတွက် လိုအပ်ချက်အသစ်များနှင့် စိန်ခေါ်မှုအသစ်များကို တစ်ပြိုင်နက်တည်း ဖြစ်ပေါ်စေလျက်ရှိပါသည်။

သမားရိုးကျ လျှပ်စစ်ဓာတ်အားလိုင်းများ ဆိုသည်မှာ ဗဟိုပြုထားသည့် ဓာတ်အားပေးစက်ရုံကြီးများ (ဥပမာ - ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးသုံးစက်ရုံကြီးများ၊ နျူကလီးယားဓာတ်အားပေးစက်ရုံကြီးများ) မှ ထုတ်လုပ်ပြီး မြို့ပြနှင့် ကျေးရွာများရှိ သုံးစွဲသူများဆီသို့ တာဝါတိုင်များနှင့် ကြိုးလိုင်းများမှ အင်တာနက်ချိတ်ဆက်ထားသော ပစ္စည်းကိရိယာများကွန်ရက်၊ ဉာဏ်ရည်မြင့် အာရုံခံကိရိယာများနှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်များကို ပေါင်းစပ်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် သုံးစွဲခြင်းလုပ်ငန်းစဉ်တစ်လျှောက်လုံးကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၊ ထိန်းချုပ်၊ ခွဲခြမ်းစိတ်ဖြာကာ စီမံခန့်ခွဲနိုင်သည့် ခေတ်မီလျှပ်စစ်ဓာတ်အား ကွန်ရက်စနစ် လာခဲ့ပါသည်။

❍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာလမ်းတစ်လျှောက် ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာ ဆုံးရှုံးမှုများနှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ်၏ SCADA ဟုခေါ်သော အဝေးမှ ကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှုစနစ်တို့ဖြင့် ချက်ချင်းဖော်ထုတ်တားဆီးနိုင်မည်

❍ နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်ကဲ့သို့သော ရာသီဥတုအပေါ် မူတည်ပြီး ပြောင်းလဲမှုရှိသည့် သဘာဝစွမ်းအင်များကို သမားရိုးကျဓာတ်အားကွန်ရက်စနစ်ထဲသို့ တိုက်ရိုက်ထည့်သွင်းရန် ခက်ခဲသော်လည်း စမတ်ဂရစ်စနစ်က ၎င်းတို့ကို တည်ငြိမ်စွာ ရောစပ်ပေးနိုင်

ဤအချက်သည် လျှပ်စစ်ကွန်ရက်ကို ဒီဂျစ်တယ်စနစ်ဆီသို့ ကူးပြောင်းစေသည့် ပထမဆုံးသောခြေလှမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ **၂၀၀၁ ခုနှစ်** ဝန်းကျင်တွင် အမေရိကန်နိုင်ငံ၌ လျှပ်စစ်ကွန်ရက်များ၏ အားနည်းချက်ကြောင့် ကြီးမားသော ဓာတ်အားပြတ်တောက်မှုကြီးများ ဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်စွမ်းအင်လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာခဲ့သည်။ ဤပြဿနာများကို ဖြေရှင်းရန်အတွက် သတင်းအချက်အလက်နည်းပညာ (IT) နှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို အလုံးစုံပေါင်းစပ်ပေးမည့် **"Smart Grid" (ဉာဏ်ရည်မြင့်လျှပ်စစ်ဓာတ်အားကွန်ရက်)** ဟူသော ဝေါဟာရနှင့် အယူအဆကို အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် တရားဝင်စတင်ဖော်ထုတ်ခဲ့ကြပြီး ယခုအချိန်တွင် ဖွံ့ဖြိုးပြီး ကမ္ဘာ့နိုင်ငံအများအပြားသို့ တွင်တွင်ကျယ်ကျယ် အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

Smart Grid ၏ အကျိုးကျေးဇူး - လျှပ်စစ်စွမ်းအင်များ အလဟဿ ဆုံးရှုံးမှုမရှိစေရန် စမတ်ဂရစ်စနစ်သည် အချိန်နှင့်တစ်ပြေးညီ ထိန်းချုပ်ပေးနိုင်ပါသည်။ ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို လိုအပ်ချက်နှင့်အညီ တိကျစွာချိန်ညှိပေးနိုင်သောကြောင့် စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှုကို အမြင့်မားဆုံးရရှိစေနိုင်ပါသည်။

ဓာတ်အားလိုင်းများတွင် ချွတ်ယွင်းချက်သို့မဟုတ် ဓာတ်အားပြတ်တောက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက Sensor များနှင့် Monitoring System များကို အသုံးပြုထားသဖြင့် Control Center မှ ချက်ချင်းသိရှိနိုင်ပြီး ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များကို အချိန်မီစေလွှတ်နိုင်သည်။ လူအင်အား သို့မဟုတ် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစရာမလိုဘဲ ပျက်စီးနေသည့်လမ်းကြောင်းကို အလိုအလျောက် ဖြတ်တောက်ကာ အခြားလမ်းကြောင်းမှတစ်ဆင့် ဓာတ်အား ဆက်လက်ပို့လွှတ်ပေးနိုင်ခြင်းကြောင့် ဓာတ်အားပြတ်တောက်ချိန်ကို လျော့ချနိုင်ပြီး ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်နိုင်သည်။

နေရောင်ခြည်စွမ်းအင်နှင့် လေအားလျှပ်စစ်ကဲ့သို့သော ရာသီဥတုအပေါ်မူတည်ပြီး ပြောင်းလဲမှုရှိသည့်သဘာဝစွမ်းအင်များကိုသမားရိုးကျဓာတ်အားကွန်ရက်စနစ်ထဲသို့ တိုက်ရိုက်ထည့်သွင်းရန် ခက်ခဲသော်လည်း စမတ်ဂရစ်စနစ်က ၎င်းတို့ကို တည်ငြိမ်စွာ ရောစပ်ပေးနိုင်ပါသည်။ ယင်းက နိုင်ငံတော်၏ စွမ်းအင်အရင်းအမြစ်များကို ပိုမိုကွဲပြားစုံလင်လာစေပြီး ရေရှည်တည်တံ့သည့် စွမ်းအင်လုံခြုံမှုကို တည်ဆောက်ပေးနိုင်ပါသည်။ ထို့ပြင် သုံးစွဲသူများသည် မိမိတို့၏ ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး မလိုအပ်သော သုံးစွဲမှုများကို လျှော့ချနိုင်သည်။

ယင်းကြောင့် လစဉ် လျှပ်စစ်မီတာခ ကုန်ကျစရိတ်များကို သက်သာစေပါသည်။ Smart Grid ဖော်ဆောင်ရန်အတွက်အဓိကကျသော အစိတ်အပိုင်းတစ်ခုမှာ Smart Meter များဖြစ်သည်။ Smart Meter များသည် သုံးစွဲသူများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ တိုင်းတာပေးနိုင်ပြီး ဓာတ်အားအသုံးပြုမှုအခြေအနေများကို အလွယ်တကူ သိရှိနိုင်စေသည်။ ထို့ပြင် ဓာတ်အားပေးရေးကုမ္ပဏီများအနေဖြင့်လည်း ဓာတ်အားလိုအပ်ချက်များကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ပြီး ဓာတ်အားထုတ်လုပ်မှုကို ထိရောက်စွာစီမံခန့်ခွဲနိုင်သည်။

Advanced Metering Infrastructure (AMI) စနစ်သည် Smart Grid ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ၎င်း၏ အဓိကအင်္ဂါရုပ်မှာ Automated Meter Reading စနစ်ဖြစ်သည်။ ယခင်က လစဉ်မီတာဖတ်ခြင်းဖြင့်သာ သိရှိနိုင်ခဲ့သည့် လျှပ်စစ်အသုံးပြုမှုကို ယခုအခါ အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်လာသည်။ Smart Meter များမှရရှိသော အချက်အလက်များကိုအသုံးပြု၍ ဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကုမ္ပဏီများသည် အချိန်နှင့်တစ်ပြေးညီ ကောက်ခံထားသောဒေတာ (Real-time Data) နှင့် ယခင်ရှိနေသောအချက်အလက်များ (Historical Data)ကို နှိုင်းယှဉ်ခွဲခြမ်းနိုင်ပြီး ဝန်အားသုံးစွဲမှုပုံစံများ (Load Pattern) ကို ပိုမိုနားလည်နိုင်သည်။

ထို့ပြင် အချိန်မရွေးနှုန်းထားတူ (Flat Rate) ကောက်ခံခြင်းမဟုတ်ဘဲ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အများဆုံးအချိန်နှင့် နည်းပါးချိန်ပေါ်မူတည်၍ ဈေးနှုန်းအတက်အကျ ပြုလုပ်ကောက်ခံခြင်း (Dynamic Pricing) စနစ်များကို အသုံးပြု၍ ဓာတ်အားအမြင့်ဆုံးသုံးစွဲမှုကို လျှော့ချနိုင်ပြီး **"အချိန်ပေါ်မူတည်၍ ဓာတ်အားခနှုန်းထားကို အတက်အကျ ပြောင်းလဲကောက်ခံသောစနစ် (Time-of-Use Rate)"** များဖြင့် စွမ်းအင်သုံးစွဲမှုအလေ့အထများကို လွယ်မိုးမိုးပြောင်းလဲနိုင်ပါသည်။

အနာဂတ်မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ်ဆီသို့ - လက်ရှိမြန်မာနိုင်ငံတွင် သမားရိုးကျ ဓာတ်အားကွန်ရက်စနစ်များ၏ အားနည်းချက်ကြောင့် လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးရာလမ်းတစ်လျှောက် လျှပ်စစ်စွမ်းအင်များ အလဟဿဆုံးရှုံးနှစ်နာမှုသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်တိုးတက်လာခြင်း၊

စာမျက်နှာ ၇ သို့

တစ်ဆင့် ပို့လွှတ်ဖြန့်ဖြူးပေးသည့် သမားရိုးကျ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **တစ်ဖက်သတ်စီးဆင်းမှု** ဟု ခေါ်ဆိုနိုင်သည့် ဓာတ်အားပေးစက်ရုံများမှ သုံးစွဲသူဆီသို့ လျှပ်စစ်မီးကို တစ်ဖက်သတ် ပို့လွှတ်ပေးခြင်းဖြစ်ပြီး သုံးစွဲသူများဘက်မှ မီးသုံးစွဲမှုအခြေအနေများကို စက်ရုံများက ပြန်လည်မသိရှိနိုင်ပါ။

ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ပို့လွှတ်သည့်နေရာမှသာ ထိန်းချုပ်စီမံနိုင်ခြင်းဖြစ်ပါသည်။ ဓာတ်အားလိုင်းများ ပျက်စီးခြင်း သို့မဟုတ် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာသည့်အခါ သုံးစွဲသူများ၏သတင်းပို့ချက် သို့မဟုတ် ဝန်ထမ်းများ သွားရောက်စစ်ဆေးမှသာသိရှိနိုင်ပြီး ပြုပြင်ရန် အချိန်ကြန့်ကြာတတ်ပါသည်။

စမတ်ဂရစ် (Smart Grid) ဆိုသည်မှာ ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ အလိုအလျောက်ထိန်းချုပ်ရေးနည်းပညာ၊ တစ်ခုဖြစ်ပါသည်။ Smart Grid တွင် လျှပ်စစ်စွမ်းအင်နှင့်ဆက်စပ်လျက်ရှိသည့် သတင်းအချက်အလက်များကိုလည်း နှစ်လမ်းသွားဖြင့် အပြန်အလှန် ချိတ်ဆက်ဖလှယ်နိုင်သောကြောင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသောအဖွဲ့များနှင့် သုံးစွဲသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုကို ပိုမိုထိရောက်စေရုံသာမက လျှပ်စစ်ဓာတ်အားကို ပိုမိုဘေးကင်းလုံခြုံစွာ၊ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ဖြန့်ဝေပေးနိုင်ပါသည်။

စမတ်ဂရစ် ပေါ်ပေါက်လာပုံမှာ သမားရိုးကျ လျှပ်စစ်ဓာတ်အားလိုင်းများကို ၁၉ ရာစု - ၂၀ ရာစု ကတည်းကစတင်ခဲ့ပြီး ၂၀ ရာစုနှောင်းပိုင်းသို့ ရောက်လာသောအခါ လူဦးရေတိုးပွားလာခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် သမားရိုးကျဓာတ်အားလိုင်းများသည် ဝန်အားမနိုင်တော့ဘဲ ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ဖြစ်ပေါ်လာပြီး စွမ်းအင်ဆုံးရှုံးမှုများလည်း ကြီးမားလာခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Tor Saralamba အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Tor Saralamba အား ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့သည်။(ယာဉ်ပို)

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီး နိုင်ငံတော်သမ္မတ၏ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း နှစ်ဖက်သဘောတူညီခဲ့ကြသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ကာလရှည်ကြာ တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား တည်ထောင်ထားရှိသည့် ယန္တရားများ ပြန်လည်စတင်ရေး၊ နှစ်နိုင်ငံနယ်စပ်များ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

သတင်းစဉ်

မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ – ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဖိတ်ခေါ်သည့်ဆွေးနွေးပွဲ 3rd Life and Safety Seminar ကို ယနေ့တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကိုရီးယားအသိုက်အဝန်း၏ လုံခြုံရေး၊ ဥပဒေရေးရာ ကာကွယ်စောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်နေကြသော ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ဆက်လက်တိုးချဲ့ရေးနှင့် လုပ်ငန်းရှင် အသစ်များ ဖိတ်ခေါ်ပေးနိုင်ရေး ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်၊ မြန်မာနိုင်ငံတွင်နေထိုင်လျက်ရှိသော ကိုရီးယားလူမျိုး ၅၀ တက်ရောက်ကြပြီး The Korea Association in Myanmar ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြား၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက "Residency and Legal Protection for Korean Residents in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာမျက်နှာ ၆ မှ

မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် Renewable Energy စီမံကိန်းများ တိုးချဲ့လာခြင်းတို့ကြောင့် Smart Grid နည်းပညာသည် နိုင်ငံတော်၏အနာဂတ် ဓာတ်အားစနစ်အတွက် အကောင်းဆုံးသော အားကိုးရာစနစ်တစ်ခုဖြစ်ပါသည်။

လက်ရှိတွင် Smart Meter များ စတင်တပ်ဆင်ခြင်း၊ AMI System များ တိုးချဲ့တည်ဆောက်ခြင်း၊ SCADA နှင့် Distribution Automation စနစ်များ အဆင့်မြှင့်တင်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းလုံးအတွက် အပြည့်အဝ Digital Grid အဖြစ် ပြောင်းလဲနိုင်ရန် Communication Network များ၊ Data Concentrator Unit (DCU) များ၊ Meter Data Management System (MDMS) များနှင့် Control Center များကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်သွားရန် စီမံနေပြီဖြစ်ပါသည်။

DCU များ တိုးချဲ့ဆောင်ရွက်မှုများကြောင့် Smart မီတာနှင့် DCU တို့ချိတ်ဆက်လာနိုင်ပြီး AMI စနစ်သို့ဝင်ရောက်ကာ Smart မီတာများနှင့် ဓာတ်အားသုံးစွဲသူများ၏ အချက်အလက်များရရှိပြီး ဓာတ်အားကွန်ရက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ DCU ကွန်ရက်နှင့် အလွှမ်းကွာဝေးသည့် Analog မီတာများကို စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်များ ဖော်ဆောင်ခြင်း၊ မတူညီသောစနစ်များကို တစ်ခုနှင့်တစ်ခု ချွတ်ယွင်းချက်မရှိဘဲ အချက်အလက်များ ဖလှယ်နိုင်ရန်နှင့် အတူတကွ တွဲဖက်လုပ်ဆောင်နိုင်ရန် အပြန်အလှန် ချိတ်ဆက်အသုံးပြုနိုင်ရေးကို စီစဉ်လျက်ရှိခြင်း၊ မြို့ပြဒေသများသာမက ကျေးလက်ဒေသများအထိ ဒီဂျစ်တယ်လျှပ်စစ်ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားစနစ်ကို ခေတ်မီဒီဂျစ်တယ်စနစ်သို့ အဆင့်လိုက်ကူးပြောင်းရန် အလေးထားစီမံဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် နေ့လယ်ပိုင်းရုံးလုပ်ငန်းများ ဆောင်ရွက်သည့်အချိန်များနှင့် ညနေပိုင်း သို့မဟုတ် လူတိုင်းအိမ်ပြန်ရောက်ပြီး လျှပ်စစ်ပစ္စည်းများ (ထမင်းပေါင်းအိုး၊ မီးပို၊ အဝတ်လျှော်စက်စသည်တို့) ကို တစ်ပြိုင်နက်တည်း အများဆုံးအသုံးပြုကြသည့် အချိန်များတွင် ဓာတ်အားပေးစနစ်၌ ဝန်ပိမှုများပြားလာခြင်း (Peak Hours – ဓာတ်အားသုံးစွဲမှု အထွတ်အထိပ်အချိန်)၊ ညဦးနက်ပိုင်း သို့မဟုတ် နံနက်စောစောပိုင်းကဲ့သို့ လူအများ ဓာတ်အားသုံးစွဲမှု အလွန်နည်းပါးပြီး ဓာတ်အားပိုလျှံနေသည့်အချိန်များ (Off-Peak Hours – ဓာတ်အားသုံးစွဲမှုနည်းပါးသည့်အချိန်)တွင် လျှပ်စစ်ဓာတ်အား မတည်ငြိမ်မှုများဖြစ်ပေါ်လာပြီး ဓာတ်အားဖြတ်တောက်ရမှုများ၊ အသုံးပြုသည့် လျှပ်စစ်ပစ္စည်းဆုံးရှုံးပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိရာ ယင်းအခက်အခဲများကို လျော့ကျသွားစေရန်အတွက် Digital နည်းပညာအသုံးပြုသည့် ပထမခြေလှမ်းကို မြန်မာ့လျှပ်စစ်ဓာတ်အား စနစ်အနေဖြင့် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်စက်ရုံများသည် ဝန်အားနည်းပါးသည့်အချိန်တွင် ရေကို စုဆောင်းထားရှိပြီး ဝန်အားများပြားသည့်အချိန်တွင် ဝင်ရောက်မောင်းနှင်ပေးရပါသည်။ မိုးရာသီတွင် ရေလျှောင်တမံအသုံးပြုသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် အမြင့်ဆုံးဝန်အား (ဝန်အားပြည့်)ဖြင့် အချိန်ပြည့်မောင်းနှင်ပေးနေသည့်တိုင်အောင် ရေပိုလွှဲမှ ရေများပိုလျှံမှုကြောင့် စွမ်းအင်များ အလဟဿဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

ထို့ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ကာ AMI စနစ်ကိုအသုံးပြု၍ နေ့လယ်ပိုင်း ဝန်အား သုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေးပြီး ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့် အစီအမံကို ၁၉-၈-၂၀၂၆ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ရာ အောက်ပါအကျိုးကျေးဇူးများရရှိခဲ့ပါသည်-

(၁) နေ့စဉ်တမံများတွင် ရေလျှံမှုကြောင့် ဖြစ်ပေါ်နေသည့် စွမ်းအင်ဆုံးရှုံးမှုများကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် အတွက် နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလာခြင်း၊

(၂) အချို့သော စက်မှုလုပ်ငန်းကြီးများသည် ညအချိန်သို့ ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ကြသဖြင့် နေ့လယ်ပိုင်း ဓာတ်အားသုံးစွဲလို သည့်ပြည်သူများသို့ ပိုမိုရရှိဖြန့်ဖြူးပေးနိုင်ခြင်း၊

(၃) နေ့နှင့်ည ဝန်အားမျှတမှု ဖြစ်ပေါ်လာသဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် တည်ငြိမ်မှုရှိလာခြင်း၊

(၄) လုပ်ငန်းရှင်များအနေဖြင့် ချို့သာသော ဓာတ်အားခဖြင့် လုပ်ငန်းဆောင်ရွက်ရသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်သက်သာပြီး ကုန်ပစ္စည်း ဈေးနှုန်းများကျဆင်းစေရန် အထောက်အကူ ပြုနိုင်ခြင်း။

ထို့ပြင် လူအများ ဓာတ်အားသုံးစွဲမှု အလွန်နည်းပါးပြီး ဓာတ်အားပေးစနစ်အတွင်း လျှပ်စစ် ဓာတ်အားပိုလျှံနေချိန်တွင် စွမ်းအင်များပြားစွာ သိလှောင်နိုင်စွမ်းရှိသည့် ဘက်ထရီကြီးများကို လျှပ်စစ်မီးသုံး၍ အပြည့်အဝအားသွင်းခြင်း ပြုလုပ်ထား၍ လျှပ်စစ်မီးသုံးစွဲမှု အထွတ်အထိပ်ရောက်ပြီး ဓာတ်အားလိုအပ်ချိန် (သို့မဟုတ်) မီးဖြတ်ရတော့မည့်အချိန်များတွင် ဘက်ထရီများတွင် သိုလှောင်ထားသော လျှပ်စစ်စွမ်းအင်ကို အိမ်သုံး၊ ရုံးသုံး သို့မဟုတ် စက်ရုံသုံးစနစ်များဆီသို့ ပြန်လည်ထုတ်လွှတ်ပေးခြင်းဖြင့်လည်း ဓာတ်အားစနစ်အတွင်း ဓာတ်အားအလွန်အမင်းတောင်းဆိုမှုများပြားသည့် (Load Spike) အချိန်များအတွက် ဓာတ်အားပေးစနစ်တစ်ခုလုံး အလွန်အကျွံ ဝန်ပိခြင်းနှင့် ဓာတ်အားပြတ်တောက်ခြင်းတို့မှ ကာကွယ်ပေးနိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာ လမ်းတစ်လျှောက် ဖြစ်ပေါ်တတ်သော နည်းပညာပိုင်းဆိုင်ရာ ဆုံးရှုံးမှုများနှင့် ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းကဲ့သို့သော လျှပ်စစ်ဆုံးရှုံးမှုများကို စမတ်ဂရစ် ၏ SCADA ဟုခေါ်သော အဝေးမှကြည့်ရှုကွပ်ကဲနိုင်သည့်စနစ်နှင့် အလိုအလျောက် ထိန်းချုပ်ကွပ်ကဲမှု စနစ်တို့ဖြင့် ချက်ချင်းဖော်ထုတ် တားဆီးနိုင်မည် ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အား ခိုးယူသုံးစွဲမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများကို လုပ်ငန်းစဉ်တစ်လျှောက် စောင့်ကြပ်ကြည့်ရှုလာနိုင်၍ လျှပ်စစ်ကဏ္ဍတွင် ဝင်ငွေတိုးတက်ရရှိလာသဖြင့် တိုးချဲ့တည်ဆောက်ရမည့် စီမံကိန်းလုပ်ငန်းသစ်များ ပိုမိုအားကောင်းလာစေပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာ၌လည်း အထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လိုက်သည့်မွမ်းအင်များကို အလဟဿမဖြစ်စေဘဲ သုံးစွဲသူပြည်သူများထံသို့ အပြည့်အဝ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကာ နိုင်ငံတော်အတွက် ကြီးမားသော စွမ်းအင်နှင့် စီးပွားရေးတန်ဖိုးများကို ပြန်လည်ဆွတ်ခူးပေးနိုင်မည်ဖြစ်ပြီး သားရွေးအိုးထမ်းလာသည်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး၏ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ရာတွင် လိုက်ပါသွားသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့်လည်း ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှု စနစ်တကျ ထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများ အကူအညီပေးရေး၊ ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ယင်းနယ်ပယ်တွင် လိုအပ်သည့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး လေ့ကျင့်ပေးရန်အတွက် ဆွေးနွေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၏လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားသည့် အထောက်အပံ့ဖြစ်လာမည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် လျှပ်စစ်မီးဟူသည် ခေတ်မီလူ့အဖွဲ့အစည်းတစ်ခု၏ အသက်သွေးကြောသာမက ရွှေပြည်မြေ၏ တိုးတက်မှုကိုတိုင်းတာသည့် အဓိကမဏ္ဍိုင်တစ်ခုလည်း ဖြစ်ပါသည်။ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သော သမားရိုးကျဓာတ်အားလိုင်းများ၏ ကန့်သတ်ချက်များနှင့် ဆုံးရှုံးမှုများကို ကျော်လွှန်၍ ဉာဏ်ရည်ဖြင့် **စမတ်ဂရစ် (Smart Grid)** စနစ်ဆီသို့ ကူးပြောင်းခြင်းသည် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် မလွဲမသွေထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။ ယင်းတာဝန်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူ၍ ဝန်ထမ်းများအားလုံး ညီညွတ်တက်ကြွစွာ ထမ်းဆောင်နေပြီဖြစ်ပါသည်။

မြန်မာ့လျှပ်စစ်စွမ်းအင်ကဏ္ဍသစ် ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ခြေလှမ်းတိုင်းသည် ပြည်သူ့အတွက်ဖြစ်စေရမည်ဟု စိတ်ထားမွန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ရာ စမတ်ဂရစ်ရင်ခုန်သံနှင့်အတူ မကြာမီလင်းလက်လာတော့မည့် မြန်မာ့စွမ်းအင်အနာဂတ်ကို ကြိုတင်ခံစားပိတိမိုးမိပါသည်။ ။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချတ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင်ဘန်ချတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ယနေ့ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။ (ယာဝုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်လုံခြုံရေးအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ခရာဇဝတ်မှု တားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက်လုံခြုံရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ နယ်စပ်ဂိတ်များနှင့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အာဆီယံဒေသတွင်း ထိတွေ့ဆက်ဆံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ညပိုင်းတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချတ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (ဝဲဝုံ) ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် မစ္စတာ ချတ်ချိုင် ဘန်ချတ်တို့က နွေတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပြီး ညစာသုံးဆောင်စဉ် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်တို့က အပြန်အလှန်လက်ဆောင်ပစ္စည်းများပေးအဝယ်ကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဩဂုတ် ၂၆ ရက်တွင် ရောက်ရှိခဲ့ကာ ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး (ယခင် ဝန်ကြီးများရုံး)၊ နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များအား သွားရောက်လေ့လာခဲ့ကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအားလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအားလည်းကောင်း သွားရောက်ဖူးမြော်ကြကာ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

ထားဝယ် ဩဂုတ် ၂၈

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံစဉ် မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောမာတင်လူသာက တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် လွတ်တော်လမ်းကြောင်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် မွန်၊ ကရင်၊ ထားဝယ်နှင့် မော်ကယ်(ဆလုံ) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများနှင့် တိုင်းဒေသကြီး တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက တိုင်းရင်းသား ဘာသာစာပေသင် ဆရာ ဆရာမများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရေး၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့၏ အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတိတွင် တိုင်းရင်းသားလူမျိုး အမည်မှားယွင်း ဖော်ပြထားမှုများကို ပြင်ဆင်ခွင့်ရရှိရန်အတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ခရိုင်ရုံးခွဲများဖွင့်လှစ်ပေးနိုင်ရေး၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် တိုင်းရင်းသား လုပ်ငန်းရှင်များ အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်အတွက် အားပေးကူညီ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးနှင့် GEC သမဝါယမအသင်းလီမိတက်တို့၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ညောင်ရွှေ ဩဂုတ် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ပညာရေးဝန်ထမ်းများငွေစုငွေချေးနှင့် GEC သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ညောင်ရွှေမြို့ အမှတ်(၁) အခြေခံပညာထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက CBFP. Pilot Project စီမံကိန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် အသင်းသားများ၏ သားသမီးများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ညောင်ရွှေမြို့နယ် ပန်းရည်ဘဏ်တိုင် ဝန်ထမ်းပေါင်းစုံငွေစုငွေချေး သမဝါယမအသင်း မျက်နှာစုံညီ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်ကာ အလုပ်အမှုဆောင်သစ်များ ရွေးချယ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

ဥပဒေရေးရာဝန်ကြီးဌာန၏ ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာနခွဲ ကျင်းပသည်။

အခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ ဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများတွင်လည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်ကြမည် ဖြစ်ကြောင်း၊ စည်းကမ်းရှိရှိ တာဝန်သိသိဖြင့် ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ပြောဆိုကျင့်ကြံနေထိုင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေရေးရာဝန်ကြီးဌာန နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်း ၅၅၀ အတွက် ကြက်ဥများ ထောက်ပံ့ပေးအပ်ပြီး (ယာပုံ) ဦးစီးဌာနများအလိုက် ဗလာမပါ ကံစမ်းဓမ္မများ၊ အထူးဓမ္မများဖြင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကျေးရွာချင်းဆက်တံတားများ ပြုပြင်ဆောင်ရွက်နေမှုနှင့် သမဝါယမစနစ်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဩဂုတ် ၂၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်း ကျေးရွာချင်းဆက်တံတားများ ပြုပြင်ဆောင်ရွက်နေမှုနှင့် သမဝါယမစနစ် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ရာဂီမုခ်တိုင်းကြောင့် ပျက်စီးခဲ့သော နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်း မြို့နယ် လမ်းပေါ်ရှိ အရှည်ပေ ၉၅၀ ရွေ့မြို့ကျေးရွာအင်း လမ်းပေါ်ရှိ အရှည်ပေ ၉၅၀ ဆင်သေချောင်းကူး တံတား ပြန်လည် တည်ဆောက်နေမှု၊ ပုဇွဲသီရိမြို့နယ် ဝဲကြီးကျေးရွာနှင့် ဝင်ပြန်ကျေးရွာ ဆက်သွယ်ထားသော အရှည်ပေ ၉၀၀ ဆင်သေချောင်းကူးတံတား ပြန်လည် တည်ဆောက်နေမှု၊ ဓေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာနှင့် သာယာဝမ်းကျေးရွာ ဆက်သွယ်ထားသော အရှည်ပေ ၅၅၀ ရွှေပေါင်းလောင်းတံတား ပြန်လည် တည်ဆောက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန်နှင့် သဘာဝဘေးအန္တရာယ် ခံနိုင်အောင် ကြိုတင်မြော်တွေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဓေယျာသီရိမြို့နယ် ရွှေဇေယျာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက ဒီယက်နမ်နှံကောက် မိုးစပါးတစ်ဆက်တစ်စပ် တည်း ၈က ၁၅၀ တွင် စနစ်ကျသော စိုက်ပျိုးရေးဖော်ဆောင်နေမှုနှင့် မိုးစပါးအောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီးနောက် တောင်သူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပေးအပ်

နေပြည်တော် ဩဂုတ် ၂၈

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်စနာရီတွင် ဓေယျာသီရိခရိုင် တရားရုံး၊ ရုံးခန်းအမှတ် (၂) ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်၊ ဒေါက်တာကိုကိုနိုင်နှင့် ဒေါ်စိုးခက်ခက်၊ ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အထက်တန်းရှေ့နေ ၁၂၀ ကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ကာ တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ်ရရှိသူများက ကတိသစ္စာပြုကြသည်။ လက်မှတ်လက်ခံရယူမည့်သူများအား ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးက “ရှေ့နေရှေ့ရပ်များအတွက် AML/CFT /CPF သင်တန်း” ပို့ချဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

“တီထွင်မှုသည်ရိုးရာကိုမကျော်ရန်” ဟူသော မူဝါဒကို အခြေခံလက်ကိုင်ထား၍ တိုင်းရင်းသားဝတ်စုံမှန်များကို ပြုစုခဲ့ပြီး ကချင် ခြောက်မျိုး၊ ကယား ကိုးမျိုး၊ ကရင် တစ်မျိုး၊ ချင်း တစ်မျိုး၊ ဗမာ တစ်မျိုး၊ မွန် တစ်မျိုး၊ ရခိုင် တစ်မျိုး၊ ရှမ်း ခုနစ်မျိုးစုစုပေါင်း တိုင်းရင်းသားလူမျိုးစု ၂၇ မျိုးတို့၏ အမျိုးသားဝတ်စုံမှန်ဆိုင်ရာ အချက်အလက်များကို စုစည်းပြုစုထားသည့် “မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသား ဝတ်စုံမှန်များ” (မူကြမ်း) စာအုပ်ကို ပြုစုနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆) ကို ယနေ့နံနက် ၁၀ နာရီက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၅) လောကနတ်ခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက “မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသား ဝတ်စုံမှန်များ” (မူကြမ်း) ပြုစုပြီးစီးသော်လည်း စာအုပ်အဖြစ် ရိုက်နှိပ်မထုတ်ဝေမီ ဆွေးနွေးအကြံပြုရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြန်လည်စိစစ် အတည်ပြုပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ပေးပို့ရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလူမျိုးများ၏ ဝတ်စုံမှန်များကို ဆက်လက်ပေးပို့စေပြီး စာအုပ်အား ပြည့်စုံစွာ ဆက်လက် ထုတ်ဝေသွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေး ကော်မတီအတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသား လူမျိုးများ၏ အမျိုးသား ဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ မွန်းလွဲ ၁ နာရီ ၃၆ မိနစ် စက္ကန့် ၅၀ တွင် ကမ္ဘာအေးမြေလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၁၀၇ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (ဖျာပုံမြို့၏ အရှေ့တောင်ဘက် ၈၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၅ ဒသမ ၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၀ ဒီဂရီ၊ အနက် ၁၆ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၄(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

ထိသိထဲမှာ အကုန်ပါ လိုရာကိစ္စပြီး ...

သော်တာနမ့်စန်

အထက်တန်းကျောင်းသားဘဝက မှတ်မှတ်ရရတစ်ခု ယနေ့တိုင် သတိရကျန်ရစ်နေပါတယ်။ ထိုအရာက မြင်းခြံဖြို့ စွန်းလွန်းဆရာတော်ကြီးရဲ့ လူ့ဘဝမှာ တရားထူးရသွားတဲ့စာအုပ်ကို ဖတ်ရှုမိခြင်းဖြစ်ပါတယ်။ စာအုပ်က ထေရုပွတ္တိအကျယ် တရားအားထုတ်နည်းဖြစ်ပြီး တရားအားထုတ်လိုခြင်းကြောင့် မဟုတ်ဘဲ ဆရာတော်ရဲ့ ထေရုပွတ္တိကို စိတ်ဝင်စားလို့ ဖတ်ရှုမိခြင်းဖြစ်ပါတယ်။ အဲဒီစာအုပ်ကိုဖတ်ပြီးနောက် အိပ်ရာဝင်ချိန်မှာ တင်ပျဉ်ခွေထိုင်ကာ ဘယ်လက် ဖဝါးပေါ် ညာလက်ဖဝါးတင်ပြီး လက်မချင်းထိ၊ ဝင်လေ၊ ထွက်လေကို နှာသီးဝထိပဲမှာ သတိပြု၊ ရှုရှိုက်မှု စတင်ခဲ့ပါတယ်။

> ❑ **ယနေ့နည်းပညာခေတ်မှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေဟာ အချိန်နဲ့အမျှ ပြောင်းလဲတိုးတက်နေပါတယ်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေ တိုးတက်ပြောင်းလဲနေပေမယ့် စိတ်ပိုင်းဆိုင်ရာ တဖြည်းဖြည်း ကျဆင်းလာတာကို တွေ့ရမှာပါ။ ရုပ်နာမ်မှာ အဓိကကျတဲ့အရာဟာ နာမ်ဆိုတဲ့စိတ်ပဲ ဖြစ်ပါတယ်။ စိတ်ကို နိုင်ပါက အရာရာကို လွှမ်းမိုးချုပ်ကိုင်နိုင်တယ်လို့ ဆိုပါတယ်**
>
> ❑ **စိတ်ကို ထိန်းချုပ်နိုင်တဲ့အရာက အနာပါဏ ရှုမှတ်မှုဖြစ်တဲ့ သတိပဋ္ဌာန်ပဲဖြစ်ပါတယ်။ ထိုသို့သော အနာပါဏရှုမှတ်မှုကို စာသင်ကျောင်းများနဲ့ အားကစားသမားတိုင်း လုပ်ဆောင်သင့်ပါတယ်။ ဦးနှောက်မှတ်ဉာဏ်အားကို ကောင်းမွန်စေတဲ့အတွက် တွေးခေါ်ကြံဆမှု ပိုမိုမြင့်မားလာစေပြီး မျှတတဲ့ တွေးခေါ်မှုအပြင် တီထွင်ကြံဆမှုများကိုလည်း ဖန်တီးပေးနိုင်ပါတယ်**

ထူးခြားတာက ယခင်နံနက် ၅ နာရီ အိပ်ရာထစာကြည့်ချိန်မှာ ငိုက်မျဉ်းမှု ခံစားရပေမယ့် ရှုမှတ်မှုပြုလုပ်ပြီး နံနက်မှာ ငိုက်မျဉ်းနေခြင်းမရှိဘဲ စိတ်ထဲပေါ့ပါး လန်းဆန်းနေတာကို တွေ့ရပါတယ်။ ကျောင်းသားတစ်ဦးအနေနဲ့ ထိုခံစားမှုကို သဘောကျ နှစ်ခြိုက်မိပါတယ်။ အရင်က အိပ်ရာထ ရေနွေးအိုးတည်၊ ထမင်းအိုးတည်ချိန်မှာ စိတ်ပင်ပန်းနေသလို၊ ထပ်မံအိပ်ချင်သလို ခံစားရပေမယ့် ယခုထိုသို့မဟုတ်။ ထိုလုပ်ဆောင်မှုကို သဘောကျကာ နေ့စဉ်စာကျက်ပြီး အိပ်ရာဝင်တိုင်း ၁၅ မိနစ် လုပ်ဆောင်ခဲ့ရာမှ ထူးခြားတဲ့ခံစားမှုကြောင့် နေ့စဉ် မဖြစ်မနေ ပြုလုပ်လာခဲ့ပါတယ်။

ညစဉ်မှန်မှန် တရားထိုင်မှုကြောင့် အမြဲစိတ်ထဲအေးချမ်းနေပြီး ရင်ထဲမှာလည်း ပူပင်မှု၊ စိုးရိမ်မှု၊ လိုချင်မှုတွေ လျော့ကျသွားတာ သတိပြုမိလာပါတယ်။ နေ့စဉ်တရားမထိုင်ဘဲ မနေနိုင်အောင်လည်း စွဲလမ်းလာပါတယ်။ တစ်ခါတစ်ရံ ညနက်ပိုင်းအထိ ကျောင်းစာလုပ်ပြီး အိပ်ချင်စိတ်ဖြစ်ပေါ်ပေမယ့် နာသီးဝမှာ ဝင်လေ၊ ထွက်လေ ရှုလိုက်ရမှ အိပ်ပျော်လေ့ရှိပါတယ်။ အိပ်ရေးမဝတာလည်း မခံစားရပါဘူး။ အာနာပါဏ ရှုမှတ်ပြီး အိပ်ရာဝင်ရာမှာ လူက အိပ်ပျော်နေပေမယ့် တိတ်ဆိတ်နေတဲ့ ညအချိန်မှာ အပြင်က အသံတွေကို အားလုံးကြားသိနေ၊ အခန်းအတွင်းက အိမ်မြှောင်ဖြတ်သွားတာကအစ သတိပြုမိနေပါတယ်။

အိပ်မက်လိုလို ခံစားနေရပြီး မိမိကိုယ်ကို အိပ်ပျော်နေတာဟုတ်ပါရဲ့လားလို့လဲ သံသယဝင်ခဲ့မိပါတယ်။ အမှန်က လူကအိပ်ပျော်နေပြီး အာနာပါဏကြောင့် အသိ၊ သတိကပ်ကာ အားလုံးကို သိရှိနေခြင်းဖြစ်ပါတယ်။ နောင်မှသတိပြုမိခဲ့တာပါ။ နံနက်မိုးသောက်အိပ်ရာထချိန် အားအင်ပြည့်ဝနေပြီး ညပိုင်းက အဖြစ်အပျက်တွေကို ရုပ်ရှင် ဇာတ်ကားသဖွယ် ပြန်လည်မြင်နေရတတ်ပါတယ်။ ထိုခံစားမှုကြောင့် စိတ်ထဲမှာ ပျော်ရွှင်အေးချမ်းမှုကို ခံစားရပြီး စကားပြောလိုစိတ်လည်း နည်းလာပါတယ်။ လူတွေကို ပိုချစ်ခင်သနားလာပြီး အပြန်အလှန် လေးစားသမှု ပြောဆိုလိုလာပါတယ်။ လူတစ်ဦးတစ်ယောက်နဲ့ စကားပြောဆိုရာမှာ ထိုလူနဲ့ ထိုစကားကို နှစ်ကြိမ်မြောက် ပြောဆိုခဲ့သလို စိတ်ထဲခံစားရပါတယ်။ အမှန်က တစ်ကြိမ်တစ်ခါသာ ပြောဆိုခြင်းဖြစ်ပြီး ထိုသို့သော ပြောဆိုမှုပုံရိပ်တို့ကို စိတ်ထဲမှ ကြိုးသိနေခဲ့ခြင်းဖြစ်ပါတယ်။ အာနာပါဏရှုမှတ်မှုရဲ့ အကျိုးကျေးဇူးဖြစ်ပါလိမ့်မယ်။

အသားငါးစားလိုစိတ် နည်းလာတယ်။ သွားလာစဉ် အခြားသူတွေနဲ့မတူတဲ့ ထူးခြားမှုကိုလည်း ခံစားရပါတယ်။ စာကျက်မှတ်ရလွယ်ကူပြီး ထိုစာတွေကို စိတ်ကူးလိုက်တာနဲ့ဘယ်နေရာ၊ဘယ်အချိန်မှာ ကျက်မှတ်ခဲ့တာကို ချက်ချင်းအမှတ်ရနေတတ်ပါတယ်။ ထူးခြားတဲ့ခံစားမှုများနဲ့ အေးချမ်းမှုကို ရရှိတဲ့အတွက် အာနာပါဏရှုမှတ်ခြင်းကို နံနက်/ညအပြင် ကျောင်းပိတ်ရက်နေ့လယ်ပိုင်းမှာလည်း ထိုင်ဖြစ်လာပါတယ်။ ဖခင်တာဝန်ကျရာ နယ်မြို့မှာ သားအဖနှစ်ဦးသာ နေထိုင်တာကြောင့် အာနာပါဏ လုပ်ဆောင်ရာမှာ အနောင့်အယှက်မရှိ လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် တစ်လထက်တစ်လ ပိုပြီးထူးခြားမှုကို ခံစားလာရပါတယ်။

ပိုအားစိုက်လေ ရုပ်ခန္ဓာရဲ့ ပင်ပန်းဆင်းရဲမှုကို ပိုသိလာပြီး ခန္ဓာကိုယ်ဟာ ပိုပြီးပေါ့ပါးလာပါတယ်။ တစ်ခါတစ်ရံ အာနာပါဏ ရှုမှတ်မှုကိုရပ်ပြီး ထိုနေရာမှ ထပြေးချင်စိတ်လည်း ဖြစ်ပေါ်ခဲ့မိပါတယ်။ အဲဒီလိုဖြစ်လာရင် လေကိုနှာသီးဝကို ခပ်ပြင်းပြင်း တွန်းပို့ပြီး ခန္ဓာကိုယ်နာကျင်ဖောက်ပြန်မှုကို အန်တုကာ ရှုမှတ်မှုကို အာရုံစုစည်းလိုက်တဲ့အခါ ဖော်ပြလို့မရတဲ့ အေးချမ်းကြည်နူးမှုကို ခံစားရပါတယ်။

ထိုစာသင်နှစ်ဟာ ဘဝမှာ တန်ဖိုးဖြတ်လို့မရတဲ့ လူသားတစ်ယောက်ရဲ့ ငြိမ်းချမ်းအေးမြမှုကို ရရှိခံစားခဲ့ရပါတယ်။ထိုအာနာပါဏကို ဘယ်သူ့ထံကမှ မေးမြန်းနည်းနာမယူဘဲ စွန်းလွန်းဆရာတော်ကြီးရဲ့ စာအုပ်ကိုဖတ်ရှုမိပြီး နည်းနာကျင့်စဉ်အတိုင်း လုပ်ဆောင်ခဲ့ရာမှ အကျိုးထူးများကို ရရှိခဲ့တာဖြစ်ပါတယ်။ ထိုအကျိုးကျေးဇူးဟာ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရအောင် တန်ဖိုးကြီးမားလှပါတယ်။ ကျောင်းသားဘဝမှာ လူသားတစ်ယောက်ရဲ့ ရုပ်နှင့် နာမ်တရားသဘောကို အာနာပါဏရှုမှတ်မှုဟူးမှမှ သိခွင့်ရခဲ့ပြီး ထိုနှစ်အစိုးရစစ်စာမေးပွဲကို လွယ်ကူချောမွေ့စွာ အောင်မြင်ခဲ့ပါတယ်။

စွန်းလွန်းဆရာတော်ကြီးဟာ မြင်းခြံဖြို့ စွန်းလွန်းရွာမှာ နေထိုင်ပြီး ငယ်စဉ်က မြင်းခြံဖြို့ မင်းကျောင်းဆရာတော်ထံမှာ စာပေသင်ကြားခဲ့ပေမယ့် စာပေမှာ ထူးချွန်သူမဟုတ်ခဲ့ပါ။ လူ့ဘဝအမည်မှာ ဦးကျော်ဒင် ဖြစ်ပါတယ်။ အသက် ၃၀ အရွယ်မှာ လယ်ယာလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့ပြီး သားသမီးလေးယောက်ရှိခဲ့ပေမယ့် သားတစ်ဦးသာ ကျန်ခဲ့ပါတယ်။ တစ်နေ့ အိမ်ရှေ့မှာ မိတ်ဆွေတွေ တရားဆွေးနွေးနေတုန်း တရားအားထုတ်တာ စာတတ်မှ အားထုတ်လို့ရတာလားလို့ ဦးကျော်ဒင်ကမေးရာ မိတ်ဆွေဖြစ်သူက စာမတတ်လည်း အားထုတ်လို့ရကြောင်း၊ သခ္ခါနုံ့ဝိရိယသာ လိုရင်း ဖြစ်ကြောင်း၊ အာနာပါဏထွက်လေ၊ ဝင်လေကို နှာသီးဝမှာမှတ်၊ အခြားဘာမှမမှတ်နဲ့၊ သတိမြဲအောင်သာမှတ်၊ အလိုလိုပြည့်စုံသွားလိမ့်မယ်လို့ ပြောကြားတဲ့တွေ့ကို ထိုညကစပြီး အာနာပါဏကို စတင်ရှုမှတ်ခဲ့ကြောင်း သိရပါတယ်။ ထိုအချိန်က ၁၉၁၉ ခုနှစ်ဖြစ်ပါတယ်။ ကျွန်တော်ကျောင်းသား ဘဝ ထိုစာအုပ်ကို ဖတ်မိတဲ့အချိန်က ၁၉၈၆ ခုနှစ် ဖြစ်ပါတယ်။

ဦးကျော်ဒင်ဟာ အရာရာကို သတိမြဲစွာ မှတ်ပါတယ်။ နွားစာတစ်ချက်စီးရင် တစ်ချက်ရှူရှိုက် မှတ်ပါတယ်။ နှစ်ချက်ခုတ်ရင် နှစ်ချက်ရှူမှတ်ပါတယ်။ နွားစာစဉ်းရင်း အလုပ်လည်းပြီး တရားလည်းရှုမှတ်ပြီးလို့ နေ့စဉ်အလုပ်လုပ်ရင်း ရှုမှတ်ခဲ့ပါတယ်။ ရေထမ်းရင်း၊ လယ်ထွန်ရင်းလည်း ထွက်လေ၊ ဝင်လေမှတ်ကို မပြတ်ရှုမှတ်ပါတယ်။ နေ့စဉ်လုပ်ဆောင်မှုကြောင့် သတိ၊ သမာဓိဟာ အထွတ်အထိပ်ကို ရောက်ရှိသွားပါတယ်။

ဦးကျော်ဒင်ရှေ့က ဖြတ်သွားတဲ့ ရွာထဲကလူတစ်ယောက်ဟာ တစ်ပတ်အတွင်း၊ တစ်လအတွင်း ဘာဖြစ်မယ်ဆိုတာကို အတတ်သိနေခဲ့ပါတယ်။ ဦးကျော်ဒင် ပြောသမျှလည်း မှန်နေတတ်ပါတယ်။ နောက်ပိုင်း ယခုလိုနေထိုင်မှုထက် ဘုန်းကြီး ဝတ်ချင်စိတ်ဖြစ်လာတာကြောင့် ဇနီးဖြစ်သူကို ပြောဆိုရာမှာ ဇနီးသည်က အပြင်းအထန် ကန့်ကွက်ခဲ့ပါတယ်။ တစ်နေ့ လယ်ထွန်းနေရင်း အသိတစ်ခုဝင်လာလို့ ထမ်းပိုးမှ နွားများကို ချုတ်၊ ဘေးမဲ့လွှတ်လိုက်ပြီး ထွန်တုံးကို သစ်ပင်မှာ ထောက်ခဲ့ကာ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့မှာ သာမဏေဘဝသို့ ဝင်ရောက်သွားပါတယ်။

ဒါကြောင့် ဆရာတော်ကို စွန်းလွန်းဂူကျောင်း ဆရာတော်အပြင် ထွန်ထောင်ဆရာတော်လို့လည်း ခေါ်ဆိုခဲ့ကြပါတယ်။ မိတ္ထိလာမြို့နယ် ယေးလေးကျောင်းမှာ ရှင်ကဝိအဖြစ် ရဟန်းဘဝဆက်ခံခဲ့ပါတယ်။ နောက်ပိုင်း မြင်းခြံဖြို့စွန်းလွန်းရွာအနီး ဂူကျောင်းမှာ တရားအားထုတ်နေထိုင်ခဲ့ပြီး စွန်းလွန်းဂူကျောင်းဆရာတော်လို့ လူသိများခဲ့ရာက စွန်းလွန်းဝိပဿနာနည်းဟာလည်း ထင်ရှားကျော်ကြားခဲ့ပါတယ်။

ဆရာတော်ဟာ စာပေကျမ်းကန်တတ်သိသူ မဟုတ်ပေမယ့် တရားအားထုတ်မှုဉာဏ်အတွေ့ အကြုံကြောင့် ကျမ်းကန်တတ်မြောက်တဲ့ ဆရာတော်များ မေးမြန်းသမျှကိုလည်း ဖြေဆိုနိုင်ခဲ့ပြီး မှန်ကန်ကြောင်း ဆရာတော်များက ထောက်ခံခဲ့ပါတယ်။ ထိုသို့မေးမြန်းစဉ်က ဆရာတော်များရဲ့ ကွမ်းအစ်အတွင်းမှ ကွမ်းရွက်မည်မျှ၊ ကွမ်းသီးစိပ်မည်မျှရှိကြောင်းကိုလည်း သမာဓိ စွမ်းအားနဲ့ တိကျစွာ ဖြေကြားနိုင်ခဲ့တာကိုလည်း ထိုစာအုပ်မှာ ရေးသားထားပါတယ်။

စွန်းလွန်းဆရာတော်ဟာ ၁၉၅၂ ခုနှစ် မေလ ၁၇ ရက်၊ ၁၃၁၄ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက် စနေနေ့ ညနေ ၅ နာရီခန့်မှာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီး ရုပ်ကလာပ်ကို ယနေ့တိုင် မြင်းခြံဖြို့ စွန်းလွန်းဂူကျောင်းအတွင်း ပူဇော်ထားပါတယ်။ အထူးသဖြင့် ဆရာတော်ဟာ တရားထူးရနိုင်တဲ့ ဝိပဿနာတရားကို လက်တွေ့အားထုတ်မှုမှ သတိ၊ လုံ့လ၊ ဝီရိယနဲ့ကိုယ်တိုင်သိမြင်နိုင်မှုကို ပြသတော်မူခဲ့တာပါ။ဖြစ်ပြီးရင်ပျက်တတ်တဲ့(အနိစ္စ)။ မတည်မြဲမှုကြောင့် အလိုရှိတိုင်းမရနိုင်တဲ့ (ဒုက္ခ)။ ငါဟာ ဆိုပြီး ကိုယ်ပိုင်မဟုတ်တဲ့ (အနတ္တ) တို့ကို စာပေမှာ မသင်ကြားခဲ့ရပေမယ့် ကိုယ်တိုင်ရှုမှတ်ပွားများမှု၊ ထိုးထွင်းသိမြင်မှုကနေ သံသရာလွတ်မြောက်စေမယ့် ဝိပဿနာတရားမှ ဉာဏ်အလင်းရရှိခဲ့ခြင်း ဖြစ်ပါတယ်။

စွန်းလွန်းဆရာတော်ရဲ့ ဘဝဖြစ်စဉ်စာအုပ်ကို ဖတ်ရှုရာမှာ ဝိပဿနာရှုမှတ်ပွားများမှုကနေ တန်ဖိုးရှိတဲ့ ရုပ်နာမ်အကြောင်းကို ထဲထဲဝင်ဝင် သိရှိရလိမ့်မယ်လို့ မထင်ထားပေမယ့် လက်တွေ့ လုပ်ဆောင်မှုရဲ့ အကျိုးကျေးဇူးကို ဘဝမှာတစ်ကြိမ် ခံစားရရှိခဲ့တာဟာ ကျောင်းသားဘဝမှာ အမှတ်တရ ပုံရိပ်တစ်ခုပါ။ ထိုနောက်ပိုင်း လူမှုဝင်လယ်မှာ ကျင်လည်ရင်း ထိုသို့သော ပွားများမှုကို ထိထိမိမိ မလုပ်ဆောင်နိုင်ခဲ့တာ ယနေ့တိုင်ဖြစ်ပါတယ်။ ထိုအချိန်က ခံစားခဲ့ရဖူးတဲ့ အေးချမ်းငြိမ်းချမ်းတဲ့ ခံစားမှုမျိုးကို ပြန်လည်မရသေးပါ။

မွေးကင်းစမှ ၃၃ နှစ်အရွယ်ဟာ ပထမအရွယ်ဖြစ်ပြီး ၃၄ နှစ်မှ ၆၆ နှစ်က ဒုတိယအရွယ်ဖြစ်၍ ၆၇ နှစ်မှ ၁၀၀ အထိသည် တတိယအရွယ်ဖြစ်ရာ ယခုဒုတိယအရွယ်မှာ ဝိပဿနာရဲ့ အာနာပါဏရှုမှတ်ပွားများမှု အကျိုးထူးကို ပြန်လည်တမ်းတမိပါတယ်။ တစ်နေ့ပြန်လည်ခံစားရရှိမယ်လို့လည်း မျှော်လင့်ထားပါတယ်။ ထို့ကြောင့် ယခုအခါ သတိပဋ္ဌာန်ကို ပြင်းပြသောဆန္ဒနဲ့ လုပ်ဆောင်နိုင်ခဲ့မှုဟာ ဘဝမှာမမေ့ပျောက်လို့မရတဲ့ သုခချမ်းသာ အေးချမ်းမှုကို ခံစားခဲ့ရဖူးပါတယ်။

ယနေ့နည်းပညာခေတ်မှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေဟာ အချိန်နဲ့အမျှ ပြောင်းလဲတိုးတက်နေပါတယ်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွေ တိုးတက်ပြောင်းလဲနေပေမယ့် စိတ်ပိုင်းဆိုင်ရာ တဖြည်းဖြည်း ကျဆင်းလာတာကို တွေ့ရမှာပါ။ ရုပ်နာမ်မှာ အဓိကကျတဲ့အရာဟာ နာမ်ဆိုတဲ့စိတ်ပဲ ဖြစ်ပါတယ်။ စိတ်ကိုနိုင်ပါက အရာရာကို လွှမ်းမိုးချုပ်ကိုင်နိုင်တယ်လို့ ဆိုပါတယ်။

စိတ်ကို ထိန်းချုပ်နိုင်တဲ့အရာက အနာပါဏ ရှုမှတ်မှုဖြစ်တဲ့ သတိပဋ္ဌာန်ပဲဖြစ်ပါတယ်။ ထိုသို့သော အနာပါဏရှုမှတ်မှုကို စာသင်ကျောင်းများနဲ့ အားကစားသမားတိုင်း လုပ်ဆောင်သင့်ပါတယ်။ ဦးနှောက်မှတ်ဉာဏ်အားကို ကောင်းမွန်စေတဲ့အတွက် တွေးခေါ်ကြံဆမှု ပိုမိုမြင့်မားလာစေပြီး မျှတတဲ့ တွေးခေါ်မှုအပြင် တီထွင်ကြံဆမှုများကိုလည်း ဖန်တီးပေးနိုင်ပါတယ်။ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံက စာသင်ကျောင်းတွေမှာ ကိုယ်ခန္ဓာကျန်းမာရေးအတွက် ထိုသို့သော ဝင်လေ၊ ထွက်လေ ရှုတဲ့ အာနာပါဏရှုမှတ်မှုကို လက်တွေ့ကျကျ လေ့ကျင့်ပေးနေတာရှိပါတယ်။

ထိုလုပ်ဆောင်မှုဟာ လူငယ်ထုရဲ့ ဖွံ့ဖြိုးစဉ်းနှောက်တွေကို ပိုပြီးကျန်းမာကြံခိုင်စေတာကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ နည်းပညာပိုင်းဆိုင်ရာ တီထွင်ကြံဆမှုကို အထောက်အပံ့ပြုနေတာကို တွေ့ရမှာပါ။ မြန်မာနိုင်ငံဟာ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်တာကြောင့် ဝိပဿနာတရား ရှုမှတ်ပွားများမှုနဲ့ စိမ်းမနေပါဘူး။ အတွေးမှန်ရင် လုပ်ဆောင်မှုမှန်တဲ့အတွက် မှန်ကန်တဲ့ အတွေးကို အာနာပါဏရှုမှတ်မှုက ပေးစွမ်းပါတယ်။ အထူးသဖြင့် လူငယ်များအတွက် အကျိုးကျေးဇူးကြီးမားစေတဲ့ ရှုမှတ်ပွားများမှုဖြစ်တဲ့အတွက် စာသင်ကျောင်းကစတင်ရာမှ အိမ်ရာအထိ လိုက်ပါလုပ်ဆောင်နိုင်တဲ့ ထိသိထဲမှာ အကုန်ပါနေ၍ လိုရာဆန္ဒလည်း ပြီးမြောက်နိုင်တာကြောင့် နိုင်ငံနှင့်လူမျိုးအတွက်လည်း အကျိုးကျေးဇူးကြီးမားစေမှာ ဖြစ်ပါကြောင်း။ ။

မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

(ယမန်နေ့မှအဆက်)

စဉ် မြန်မာစံချိန်စံညွှန်းများ

၅၄။ MMS ISO 8715:2001 လျှပ်စစ်သုံးယာဉ်များ – လမ်းပေါ်တွင် အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၅၅။ MMS ISO/TR 11954:2024 လောင်စာဆဲလ် အသုံးပြုယာဉ်များ – စွမ်းဆောင်ရည်တိုင်းတာခြင်း– ဖိသိပ်ထားသော ဟိုက်ဒရိုဂျင် (compressed hydrogen) ဖြင့် စွမ်းအင်ဖြည့်သွင်းသောယာဉ်များ

၅၆။ MMS ISO 12405–4:2018 လျှပ်စစ်သုံးယာဉ်များ – လီသီယမ်–အိုင်းယွန်းဆွဲငင်အားသုံး ဘက်ထရီအိတ်များနှင့် စနစ်များအတွက် စမ်းသပ်မှုသတ်မှတ်ချက် – အပိုင်း(၄) – စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၅၇။ MMS ISO/TR 13062:2015 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဝေါဟာရများနှင့် အမျိုးအစား ခွဲခြားခြင်း

၅၈။ MMS ISO 13063–1:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း(၁) – On–board အားပြန်ဖြည့်နိုင်သော စွမ်းအင်သိုလှောင်မှုစနစ် (RESS)

၅၉။ MMS ISO 13063–2:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း(၂) – ယာဉ်အသုံးပြုစဉ် ဘေးအန္တရာယ်ကင်းရှင်းရေး

၆၀။ MMS ISO 13063–3:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – အပိုင်း(၃) – လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေး

၆၁။ MMS ISO 13064–1:2012 ဘက်ထရီ–လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ – စွမ်းဆောင်ရည် – အပိုင်း(၁) – ရည်ညွှန်းစွမ်းအင်သုံးစွဲမှုနှင့် မောင်းနှင်နိုင်သော အကွာအဝေး

၆၂။ MMS ISO 13064–2:2012 ဘက်ထရီ–လျှပ်စစ် mopeds များနှင့် မော်တော်ဆိုင်ကယ်များ– စွမ်းဆောင်ရည် – အပိုင်း(၂) – လမ်းအသုံးပြုမှုဆိုင်ရာ အသုံးပြုမောင်းနှင်သည့် သွင်ပြင်လက္ခဏာများ

၆၃။ MMS ISO 15118–1:2019 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း(၁) – အထွေထွေအချက်အလက်နှင့် အသုံးပြုမှု ဆိုင်ရာအခြေအနေ သတ်မှတ်ချက်

၆၄။ MMS ISO 15118–2:2014 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း(၂) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် လိုအပ်ချက်များ

၆၅။ MMS ISO 15118–3:2015 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း(၃) – ရုပ်ပိုင်းဆိုင်ရာနှင့် Data link layer ဆိုင်ရာ လိုအပ်ချက်များ

၆၆။ MMS ISO 15118–4:2018 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း(၄) – ကွန်ရက်နှင့် ချိတ်ဆက်အသုံးပြုပုံအဆင့်ဆင့် ကိုက်ညီမှုစစ်ဆေးခြင်း (conformance test)

၆၇။ MMS ISO 15118–5:2018 လမ်းသုံးယာဉ်များ – ယာဉ်မှ လျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း – အပိုင်း(၅)– ရုပ်ပိုင်းဆိုင်ရာအလွှာနှင့် data link layer ကိုက်ညီမှုစစ်ဆေးခြင်း

၆၈။ MMS ISO 15118–20:2022 လမ်းသုံးယာဉ်များ – ယာဉ်မှလျှပ်စစ်ဓာတ်အားလိုင်းသို့ ဆက်သွယ်ရေးကြားခံအပိုင်း –အပိုင်း(၂၀) – ဒုတိယမျိုးဆက် ကွန်ရက်အလွှာနှင့် ချိတ်ဆက်အသုံးပြုခြင်းအလွှာလိုအပ်ချက်များ

၆၉။ MMS ISO 17840–1:2022 လမ်းအသုံးပြုယာဉ်များ – ပထမနှင့် ဒုတိယ တို့ပြန်ကယ်ဆယ်ရေးအဖွဲ့များအတွက် အချက်အလက်များ – အပိုင်း(၁) – လူစီးကားများနှင့် ကူးသန်းရောင်းဝယ်ရေးသုံး ယာဉ်ငယ်များအတွက် ယာဉ်ကယ်ဆယ်ရေးစာရွက်

၇၀။ MMS ISO 18300:2016 လျှပ်စစ်သုံးယာဉ်များ – လီသီယမ် –အိုင်းယွန်း ဘက်ထရီစနစ်များကို ခဲ–အက်စစ်ဘက်ထရီ (သို့မဟုတ်) capacitor တို့နှင့် ပေါင်းစပ်အသုံးပြုခြင်းအတွက် စမ်းသပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ

၇၁။ MMS ISO 20762:2018 လျှပ်စစ်သုံးယာဉ်များ – ပေါင်းစပ်လျှပ်စစ်သုံးယာဉ် မောင်းနှင်မှုအတွက် စွမ်းအား သတ်မှတ်ခြင်း

၇၂။ MMS ISO 21782–1:2023 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာ သတ်မှတ်ချက် – အပိုင်း(၁) – အထွေထွေစမ်းသပ်မှုအခြေအနေများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၇၃။ MMS ISO 21782–2:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း(၂) – မော်တာစနစ် စွမ်းဆောင်ရည်စမ်းသပ်ခြင်း

၇၄။ MMS ISO 21782–3:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း(၃) – မော်တာနှင့် inverter စွမ်းဆောင်ရည် စမ်းသပ်ခြင်း

၇၅။ MMS ISO 21782–6:2019 လျှပ်စစ်သုံးယာဉ်များ – လျှပ်စစ်ယာဉ်မောင်းနှင်မှုဆိုင်ရာ အစိတ်အပိုင်းများအတွက် စမ်းသပ်မှုဆိုင်ရာသတ်မှတ်ချက် – အပိုင်း(၆) – မော်တာနှင့် inverter တို့၏ လည်ပတ်မှုအား (operating load) စမ်းသပ်ခြင်း

၇၆။ MMS ISO 23273:2013 လောင်စာဆဲလ်အသုံးပြုယာဉ်များ – ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များ – ဖိသိပ်ထားသည့် ဟိုက်ဒရိုဂျင်အားဖြင့် လောင်စာသုံးသော ယာဉ်များအတွက် ဟိုက်ဒရိုဂျင်ဆိုင်ရာအန္တရာယ်များမှ ကာကွယ်ခြင်း

၇၇။ MMS ISO 23274–1:2019 ပေါင်းစပ်–လျှပ်စစ်သုံးယာဉ်များ (Hybrid–electric) – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှု တိုင်းတာခြင်း – အပိုင်း(၁) – ပြင်ပမှ အားသွင်း၍ မရသော ယာဉ်များ

၇၈။ MMS ISO 23274–2:2021 ပေါင်းစပ်–လျှပ်စစ်သုံးယာဉ်များ – အခိုးအငွေ့ထုတ်လွှတ်မှုများနှင့် လောင်စာဆီသုံးစွဲမှု တိုင်းတာခြင်း – အပိုင်း(၂) – ပြင်ပမှ အားသွင်းနိုင်သောယာဉ်များ

၇၉။ MMS ISO 23280:2022 လျှပ်စစ်သုံး mopeds နှင့် မော်တော်ဆိုင်ကယ်များ – မော်တာဒိုင်နမိုမီတာ အသုံးပြု၍ စွမ်းအင်ဆိုင်ရာစွမ်းဆောင်ရည်အကဲဖြတ်ရန် စမ်းသပ်မှုနည်းလမ်း

၈၀။ MMS ISO 23828:2022 လောင်စာဆဲလ်အသုံးပြုယာဉ်များ – စွမ်းအင်သုံးစွဲမှုတိုင်းတာခြင်း – ဖိသိပ်ထားသောဟိုက်ဒရိုဂျင် (compressed hydrogen) လောင်စာသုံးယာဉ်များ

၈၁။ MMS ISO 22002–2:2025 အစားအသောက်ဘေးကင်းရေးဆိုင်ရာ ကြိုတင်လိုအပ်ချက်အစီအစဉ်များ– အပိုင်း(၂) – ပြင်ဆင်တည်ခင်းဧည့်ခံခြင်း

၈၂။ MMS UNECE R 11: 2015 ယာဉ်၏ တံခါးဖွင့်ပိတ်စနစ်၊ တံခါးကို မြဲမြံစွာတပ်ဆင်ရာတွင် အသုံးပြုသည့်ပစ္စည်း အစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၃။ MMS UNECE R 12: 2024 ယာဉ်ရှေ့မှ တိုက်မိချိန်တွင် ယာဉ်မောင်းသူကို steering mechanism မှ ဖြစ်ပေါ်နိုင်သည့် ထိခိုက်မှုမှ ကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့် ယာဉ်အသိအမှတ်ပြုခြင်းနှင့် သက်ဆိုင်သော တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၄။ MMS UNECE R 23: 2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် နောက်ဆုတ်မီး (Reversing Lamps)နှင့် မောင်းနှင်စစ်ဆေးရေးမီးများ (Manoeuvring Lamps) နှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၅။ MMS UNECE R 37: 2015 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များတွင် အသုံးပြုရန် အတည်ပြုထားသော မီးခွက်များ၌ ထည့်သွင်းအသုံးပြုမည့် ဖိုင်လာမင့်မီးသီး (Filament Lamps) များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၆။ MMS UNECE R 40:1979 အင်ဂျင်စနစ် အသုံးပြုသော မော်တော်ဆိုင်ကယ်များမှ အိတ်ဇောဓာတ်ငွေ့ ထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၈၇။ MMS UNECE R 53:2018 Category L3 (မော်တော်ဆိုင်ကယ်) များတွင် မီးအလင်းရောင်ပေးစနစ်နှင့် မီးအချက်ပြစနစ်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွင့်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၈၈။ MMS UNECE R 55:2025 တွဲဆိုင်းယာဉ်များ၏ ယာဉ်အချင်းချင်း ချိတ်ဆက်ရာတွင် အသုံးပြုသော စက်မှုပိုင်းဆိုင်ရာ ကိရိယာများနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၈၉။ MMS UNECE R58:2017 နောက်ဘက်မှဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်ပေးသည့်ပစ္စည်းများ (RUPDs)၊အတည်ပြုချက်ရရှိထားသည့် RUPDs ကို တပ်ဆင်ထားသည့် မော်တော်ယာဉ်များ၊ နောက်ဘက်မှ ဝင်တိုက်မိပါက ယာဉ်အောက်သို့ ရောက်မသွားစေရန် ကာကွယ်မှုစနစ်ပါရှိသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ အတည်ပြုထောက်ခံချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၉၀။ MMS UNECE R 60:2013 ထိန်းချုပ်ခလုတ်များ၊ သတိပေးအချက်ပြမီးများနှင့် ညှွန်ပြကိရိယာများကို ခွဲခြားမှတ်သားခြင်းအပါအဝင် မောင်းနှင်သူကိုယ်တိုင် ထိန်းချုပ်လုပ်ဆောင်ရသော စနစ်များနှင့် စပ်လျဉ်း၍ ဘီးနှစ်ဘီးတပ်မော်တော်ဆိုင်ကယ်များနှင့် မိုပက်(Moped) များအား အမျိုးအစား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၉၁။ MMS UNECE R66:2009 ခရီးသည်တင် မော်တော်ယာဉ်ကြီးများ၏ အပေါ်ပိုင်းကိုယ်ထည်တည်ဆောက်ပုံ ကြံ့ခိုင်မှု (Strength of Superstructure) နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၂။ MMS UNECE R 73:2011 ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD) တပ်ဆင်ထားသော မော်တော်ယာဉ်များ၊ ဘေးဘက်အကာအကွယ်ပစ္စည်းများ (LPD)သီးသန့်နှင့် အတည်ပြုချက်ရရှိထားသော ဘေးဘက်အကာအကွယ်ပစ္စည်း (LPD) အမျိုးအစားကို မော်တော်ယာဉ်များတွင် စနစ်တကျ တပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၃။ MMS UNECE R 78:2022 ဘရိတ်စနစ်နှင့်စပ်လျဉ်း၍ ယာဉ်အမျိုးအစား Category L1, L2, L3, L4 နှင့် L5 ရှိ မော်တော်ယာဉ်များကို အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၉၄။ MMS UNECE R 80:2012 ခရီးသည်တင် မော်တော်ယာဉ်ကြီးများ၏ ထိုင်ခုံကြံ့ခိုင်မှု ခံနိုင်ရည်နှင့် ထိုင်ခုံချိတ်ဆက်ခိုင်မြဲမှုစနစ်တို့နှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၅။ MMS UNECE R 81:1989 နှစ်ဘီးတပ် မော်တော်ဆိုင်ကယ်များ (ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ) တွင် နောက်ကြည့်မှန်များ တပ်ဆင်ခြင်းနှင့်စပ်လျဉ်း၍ နောက်ကြည့်မှန်များနှင့် အဆိုပါ မော်တော်ဆိုင်ကယ်များကို အတည်ပြုချက်ထုတ်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၆။ MMS UNECE R 85:2013 မော်တော်ယာဉ်သုံးအင်ဂျင်များနှင့် လျှပ်စစ်မောင်းနှင်မှုစနစ်များ၏ စွမ်းအားတိုင်းတာ စစ်ဆေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၇။ MMS UNECE R 101:2005 မော်တော်ယာဉ်များ၏ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု၊ လောင်စာဆီ သုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်သုံးစွဲမှုနှင့် လျှပ်စစ်ဖြင့်မောင်းနှင်နိုင်သည့် အကွာအဝေးတို့အား တိုင်းတာခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၈။ MMS UNECE R 107:2023 M2 နှင့် M3 မော်တော်ယာဉ်များ၏ အထွေထွေတည်ဆောက်ပုံနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၉၉။ MMS UNECE R 118:2023 မော်တော်ယာဉ်များ တည်ဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၏ မီးလောင်လွယ်မှုနှင့် စက်သုံးဆီ(သို့မဟုတ်) ချောဆီများ မစုပ်ယူစေရန် ကာကွယ်နိုင်စွမ်းတို့နှင့် စပ်လျဉ်း၍ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၀။ MMS UNECE R 121:2015 ယာဉ်မောင်းသူ ဘေးကင်းလုံခြုံစိတ်ချစွာ မောင်းနှင်နိုင်ရန်အတွက် ကားအတွင်းပိုင်းက ခလုတ်များ၊ အချက်ပြမီးများနှင့် ဖိုင်ခွက်များကို စနစ်တကျနေရာချထားခြင်းနှင့် သင်္ကေတပုံစံများ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၁။ MMS UNECE R 138:2017 အသံကြားရမှုအဆင့် လျော့နည်းခြင်းနှင့်စပ်လျဉ်း၍ အသံတိုး သော မော်တော်ယာဉ်များအား အတည်ပြုချက်ပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက် စည်းမျဉ်း

၁၀၂။ MMS UNECE R 148:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏နောက်တွဲယာဉ်များအတွက် မီးအချက်ပြစနစ်သုံး ကိရိယာများ မီးလုံး/ မီးခွက်များနှင့်စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၃။ MMS UNECE R 149:2020 စက်တပ်ယာဉ်များအတွက် လမ်းပေါ်တွင် အလင်းပေးသည့် ကိရိယာများ (Road Illumination device) နှင့် စနစ်များအား အတည်ပြုပေးခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက် စည်းမျဉ်း

၁၀၄။ MMS UNECE R 150:2020 မော်တော်ယာဉ်များနှင့် ၎င်းတို့၏ နောက်တွဲယာဉ်များအတွက် အလင်းပြန်ပစ္စည်းများ၊ အမှတ်အသားများ (Retro–reflective devices and markings) နှင့် စပ်လျဉ်းသည့် အတည်ပြုခြင်းဆိုင်ရာ တစ်ပြေးညီပြဋ္ဌာန်းချက်စည်းမျဉ်း

(ဆက်လက်ဖော်ပြပါမည်)

ရွှေတိဂုံစေတီတော်၌ (၁၃၈၈ ခုနှစ်) ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ပန်းပေါင်း ၈၄၀၀၀ လှည့်လည်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး ရွှေတိဂုံစေတီတော်၌ (၁၃၈၈ ခုနှစ်) ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ ပန်းပေါင်း ၈၄၀၀၀ လှည့်လည်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ကြီးတွင် ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်အဖွဲ့က ရွှေတိဂုံစေတီတော် တောင်ဘက်ဧည့်ခံတန်ဆောင်းတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှ စတင်၍ ပန်းပေါင်း ၈၄၀၀၀ ပန်းစေတီများကို ရင်ပြင်တော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက စေတီတော် ရင်ပြင်အထက်ပစ္စယံရှိ ပတ္တမြားမျက်ရင်ဘုရားနှင့် အာရုံခံမှခံလေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပနှင့် ဂေါတမဖြတ်စွာဘုရားများအား ပန်းစေတီများကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

ဓွဇထက်ကို(ပြန်/ဆက်)

ကွန်ပျူတာတက္ကသိုလ် (မုံရွာ)၌ ပရောဂျက်ပြပွဲ ကျင်းပ

မုံရွာ ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ကျောင်းသား ကျောင်းသူများ၏ နဝမအကြိမ် ပရောဂျက်ပြပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပရောဂျက်ပြပွဲတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)မှ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင် စုပေါင်း ဖန်တီးပြုလုပ်ထားသည့် ပရောဂျက်များကို ပြခန်း ၅၉ ခန်း ဖွင့်လှစ်ပြသထားသည်။

အဆိုပါ ပရောဂျက်ပြပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် ဇနီးတို့သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ကျောင်းအုပ်ကြီးထံ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ကွန်ပျူတာတက္ကသိုလ် စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်များနှင့် ကွန်ပျူတာလက်တွေ့သင်ကြားရေး အခန်းများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပညာရွှေအိုး လူမခိုး၊ ပညာရဲရင့် ပွဲလယ်တင့်

ဝန်တာနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပုသိမ် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာတမံ နိမ့်ကျမှုအပေါ် ရေတိုက်စားမှု ကာကွယ်ခြင်း လုပ်ငန်းနှင့် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ရေစီးလမ်းကြောင်း ပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တံတားဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ ပေါင်းစပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများ အသုံးပြု၍ လည်းကောင်း၊ သဲစက်လှေတွဲများဖြင့်လည်းကောင်း၊ လူအင်အားသုံး မျောတုတ်တန်းအပြင် ဘက် ရေဝင်စီးကြောင်းကာကွယ်တန်းအား ပိုမိုတောင့်တင်းစေရန် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက်ရေစီးလမ်းကြောင်း ပိတ်ဆို့ ကာကွယ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် သူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ဆိတ်ခိုကုန်းတာ ကွပ်ကဲရုံးသို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများကို ထမင်းထုပ်များ ပေးဝေခဲ့သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၄) ရပ်ကွက် နဝင်းကျောင်းတိုက်သို့ သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေး စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က အားပေးစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေး အတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေဘေးသင့် ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ လေးမျက်နှာမြို့ အမှတ်(၁)ရပ်ကွက် ပြည်ငြိမ်းအေး ကျောင်းတိုက်၌ ရေဘေးသင့် ပြည်သူများကို တွေ့ဆုံအားပေး စကားများ ပြောကြားခဲ့ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာ ပေးဟောပြောခဲ့ကာ ရေဘေးသင့် ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဟသ်ာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် အလှူငွေများကို လှူဒါန်းရာ ဦးသိန်းအောင် (ဝန်ကြီးချုပ်-ငြိမ်း) + ဒေါ်ခင်ဌေးမြင့် မိသားစုက အလှူငွေကျပ် သိန်း ၂၀၀ ကို လည်းကောင်း၊ ဦးရန်ဝင်း (A1 ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)က အလှူငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ ဦးဇော်ဝင်းရှိန်(ဧရာဟသ်ာကုမ္ပဏီလီမိတက်)က အလှူငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မိုး/ဧလ

ချောက်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း

ချောက် ဩဂုတ် ၂၈

ချောက်မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်သက်နိုင်က တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်၊ ငြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခွန်ထမ်းပြည်သူ ၅၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကချင်ပြည်နယ် တရားလွှတ်တော်ရုံးအဆောက်အအုံသစ် မြစ်ကြီးနားမြို့ မန်ဝိန်ရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိ

မြစ်ကြီးနား၊ ဩဂုတ် ၂၈

ကချင်ပြည်နယ်အတွင်း တရားစီရင်ရေးမဏ္ဍိုင်၏ အဓိကပင်မဖြစ်သော ကချင်ပြည်နယ် တရားလွှတ်တော်ရုံးအဆောက်အအုံသစ်ကို မြစ်ကြီးနားမြို့ မန်ဝိန်ရပ်ကွက်အတွင်း ဆွမ်ပရာဘွမ်လမ်းမတော်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ စတင်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်တရားလွှတ်တော်ရုံးအဆောက်အအုံသစ်ကို ပြည်နယ်ဌေးလုံးဌေးရင်းရန်ပုံငွေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်အထိ သုံးနှစ် စီမံကိန်းဖြင့် အဆိုပါ မြေဧရိယာ ၂ ဒသမ ၂၇ ဧကအတွင်း (၂၀၆ x ၁၅၃ ပေ) RC လေးထပ် အဆောက်အအုံအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

အဆိုပါ တရားလွှတ်တော်ရုံးအဆောက်အအုံသစ် မြေညီထပ် အကြမ်းထည် တည်ဆောက်ပြီးစီးမှု၊ ပထမထပ်တိုင်ထူ၊ ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပင်မအဆောက်အအုံအပြင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်ပိုင်) မြေဧရိယာအတွင်း ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ချိဖွေမြို့နယ်နှင့် ပိုင်းမော်မြို့နယ် စနစ်ကားကျေးရွာမှ ယာယီတိမ်းရောင်မိသားစုများ နေရာချထားပေးခဲ့သည့် ချိဖွေစခန်းနှင့် စနစ်ကားစခန်းတို့သို့ သွားရောက်၍ မိသားစုများ၏ နေထိုင်စားသောက်မှုအခြေအနေ၊ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးပြီး စခန်းအတွင်း ကျောင်းနေအရွယ် ကလေးများကို ပုန်မှုများ ဝေငှပေးခဲ့သည်။

ယမန်နေ့ညနေပိုင်းကလည်း မြစ်ကြီးနားဇုန်နယ် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်၏ ၂၀၂၆ ခုနှစ် အသက် ၂၃ နှစ်အောက် လူငယ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပ်ပွဲစဉ်အဖြစ် တြိနိုတီ အသင်းနှင့် စနစ်ကားအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများနှင့် ပါဝင်ကူညီသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

Softtech Platform မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

Softtech Platform သည် ဂြိုဟ်တု ရုပ်မြင်သံကြား စနစ်များ၊ ရုပ်သံလွှင့်နည်းပညာနှင့် ဆက်စပ် ဝန်ဆောင်မှုများတွင် အတွေ့အကြုံ နှစ်ပေါင်း ၂၀ ကျော်ရှိသော ရုပ်သံလွှင့်နှင့် နည်းပညာ ကုမ္ပဏီ တစ်ခုဖြစ်ပြီး Softtech Platform မှတစ်ဆင့် ဂြိုဟ်တုရုပ်သံလွှင့်စနစ်၊ ကြည့်ရှုသူ တိုင်းတာရေး နည်းပညာ၊ ကျွမ်းကျင်တပ်ဆင်သူများ တိုးတက်ရေးနှင့် အနာဂတ်ဒီဂျစ်တယ် ဝန်ဆောင်မှုများကို ပေါင်းစပ်ကာ ကြည့်ရှုသူများ၊ ရုပ်သံလွှင့်သူများနှင့် စီးပွားရေးမိတ်ဖက်များကို ဝန်ဆောင်မှုပေးမည့် စက်မှုဇုန် ဆိုင်ရာ မိဒီယာဝန်းကျင်တစ်ခုကို ဖန်တီးရန် ရည်ရွယ်ထားကြောင်း နှင့် Softtech DTH သည် မြန်မာနိုင်ငံတွင် ပဉ္စမမြောက် ဝန်ဆောင်မှု ဆောင်ရွက်ခွင့်ရှိသည့် ရုပ်သံလုပ်ငန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Softtech Platform မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ MELIA HOTEL & RESORTS၌ ကျင်းပရာ ဦးစွာ Softtech မှ အမှုဆောင် အရာရှိချုပ် Mr. Phanuwat Phongsuwankul နှင့် ဒါရိုက်တာ ဦးခင်မောင်သန်းတို့က မိတ်ဆက်ပွဲနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Softtech Platform မိတ်ဆက်ပွဲကို ယင်းဟိုတယ်ရှိ INYA BALLROOM၌ ကျင်းပရာ Softtech Platform ၏ အဖွင့် ဗီဒီယိုကို ပြသသည်။

ယင်းနောက် Softtech အမှုဆောင်အရာရှိချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး (ငြိမ်း) His Excellency Pisanu Suvannajata တို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ မြန်မာအာကာသအေဂျင်စီ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးမျိုးသန့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ထိုင်း - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး (ငြိမ်း) His Excellency Pisanu Suvannajata နှင့် တာဝန်ရှိသူတို့က Softtech Platform မိတ်ဆက်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှုဆောင်အရာရှိချုပ်က Softtech Platform ၏ ထုတ်လွှင့်မှု၊ တိုက်ရိုက်TV ကြည့်ရှုသူ အရေအတွက် အနာဂတ်တွင် OTT နှင့် ဖြန့်ချိရေး၊ ဒီဂျစ်တယ်ဆိုင်ရာ အကြောင်းအရာများမှ ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မိုးစပါလျှထားကေပြည့်မီကျော်လွန်ရေးနှင့် အထွက်နှုန်းတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်

ဘားအံ ဩဂုတ် ၂၈

ကရင်ပြည်နယ်တွင် ယခုနှစ်မိုးစပါး ၄၂၈၆၉၈ ကေစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး လျာထားဧကေပြည့်မီကျော်လွန်ရေးနှင့် တစ်ဧက အထွက်နှုန်းတိုးတက်ရရှိရေးအတွက် ယနေ့ မွန်းလွဲပိုင်းက ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်နှင့် တာဝန်ရှိသူများက ဘားအံမြို့နယ် ဝင်းဒရယ်ကျေးရွာရှိတောင်သူ ဦးဟသီ၏ မိုးစပါး seeder စပြကွက် ၁၈ ဧကသို့ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ပြည်နယ်အတွင်း မိုးစပါး ၂၈၅၀၃၆ ကေစိုက်ပျိုးပြီးစီး၍ လျာထားဧကေပြည့်မီကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပ်ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ကရင်ပြည်နယ် အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင်တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

AFC ၏ သတ်မှတ်ချက်အရ ထိပ်ဆုံးခုနစ်သင်းသာ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။ အိမ်ရှင်အဖြစ်ကျင်းပမည့် ခြေစစ်ပွဲ၌ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ရေး အစွမ်းကုန် ပြင်ဆင်သွားရမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**

❊ *ကျောဖုံးမှ*

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် သစ္စာအားမာန်နှင့် မြဝတီအသင်းတို့ ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ M League ပြိုင်ပွဲ ပွဲစဉ်(၁)ခုတိုင်း နေ့ပွဲစဉ်များကို ဩဂုတ် ၂၉ ရက်တွင် ဒဂုံစတားနှင့် ဟံသာဝတီ၊ ဧရာဝတီနှင့် ISPE တို့ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-YDNB**

◆ *ကျောဖုံးမှ*

အဆိုပါ ဗိုလ်လုပွဲစဉ်များတွင် အမျိုးသမီး ၄၈ ကီလိုတန်း၌ သန္တာ(တောင်ဥက္ကလာ)က ကိန္နရီ(DOJO-9)ကို လည်းကောင်း၊ အမျိုးသား ၅၁ ကီလိုတန်း၌ ဉာဏ်လင်း ထက်(MBC)က ပြည်ဖြိုးမောင်(ကျားမနိုင်)ကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်၍ အမျိုးသား ၅၄ ကီလိုတန်း ဗိုလ်လုပွဲတွင် ဇော်ဌလ (Python တော်ဝင်ဧရာ)က မျိုးမြတ်(MBC)ကို လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် ကျော်စွာမင်း (ကျိုက္ကလဲ့/ရွှေကျင်)က ဇဖိထန် (Paing Club)ကို လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ဇော်လင်းထွေး(MAF)က မိတုံထွယ်ရှောင် (Python တော်ဝင်ဧရာ)ကို လည်းကောင်း အနိုင်ရရှိကာ ရွှေတံဆိပ်ဆုများ ဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ၆၀ ကီလိုတန်း၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် ဇော်လင်းထွေး (MAF)က အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ပြီး ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် Python တော်ဝင်ဧရာ ကလပ်အသင်းက တံခွန်စိုက်ဒိုင်းဆုကို ဆွတ်ခူး ရရှိခဲ့သည်။

နေမျိုး

ဓာတ်ပုံ-YGB

နော်ဝေဘုရင် ပဉ္စမမြောက် ဟာရယ် အသက် ၈၉ နှစ်တွင် ကွယ်လွန်

အော်စလို ဩဂုတ် ၂၈

အသက် ၈၉ နှစ်အရွယ် နော်ဝေဘုရင် ပဉ္စမမြောက် ဟာရယ်သည် ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီ ၃၅ မိနစ်တွင် အော်စလိုတက္ကသိုလ်ဆေးရုံ၌ ဇြိမ်းချမ်းစွာ ကွယ်လွန်သွားပြီဖြစ်ကြောင်း နော်ဝေတော်ဝင်အိမ်တော်က ပြောသည်။

နော်ဝေနိုင်ငံ၏ ထီးနန်းဆက်ခံခွင့်စည်းမျဉ်းအရ အသက် ၅၃ နှစ်အရွယ် အိမ်ရှေ့မင်းသားဟာကွန်သည် ထီးနန်းကို ဆက်ခံခဲ့ပြီး နိုင်ငံ၏ ဘုရင်သစ်ဖြစ်လာခဲ့သည်။

ပဉ္စမမြောက် ဟာရယ်ဘုရင်သည် ဩဂုတ် ၁၇ ရက်တွင် ဆေးရုံတက်ခဲ့ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း သွေးနှဲဥများ ပျက်စီးသည့် သွေးအားနည်းရောဂါအတွက် ကော်တီဇုန်းဆေးဖြင့် ကုသမှု ခံယူခဲ့သည်။ ထိုကုသမှုကြောင့် ခန္ဓာကိုယ်အတွင်း အရည်များစုပုံခြင်းနှင့် ဆေးရုံတက်နေစဉ် အတွင်းမှာပင် သွေးအတွင်း ဗက်တီးရီးယားပိုး ဝင်ရောက်ခြင်းတို့ကိုလည်း ကုသခဲ့ရသည်။ သို့သော် သူ၏ ကျန်းမာရေး

အခြေအနေမှာ ပိုမိုဆိုးရွားလာနေကြောင်းနှင့် အလွန်စိုးရိမ်ရကြောင်း တော်ဝင်အိမ်တော်က ဩဂုတ် ၂၇ ရက်တွင် ကြေညာခဲ့သည်။

ၔင်းသည် ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၉၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် ထီးနန်းဆက်ခံခဲ့သည်။ **ဆင်ဟွာ**

ဇူလိုင်လတွင် Toyota ၏ ကမ္ဘာလုံးဆိုင်ရာ ရောင်းအားနှင့် ထုတ်လုပ်မှု ကျဆင်း

တိုကျို ဩဂုတ် ၂၈

Toyota Motor Corporation က ဇူလိုင်လအတွင်း ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ မော်တော်ယာဉ်ရောင်းအားနှင့် ထုတ်လုပ်မှုပမာဏသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယခုကျဆင်းမှုသည် နှစ်လအတွင်း ပထမဆုံးအကြိမ် ကျဆင်းမှုဖြစ်သည်။

ရောင်းအားပမာဏအရ ကမ္ဘာ့အကြီးဆုံး မော်တော်ယာဉ်ထုတ်လုပ်သူဖြစ်သည့် Toyota ၏ ထုတ်ပြန်ချက်အရ ကမ္ဘာလုံးဆိုင်ရာ ရောင်းအားသည် ယခင်နှစ်အလားတူကာလထက် ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းကာ ယာဉ်အစီးရေ ၈၅၆၁၂၅ စီး ရှိခဲ့သည်။ တစ်ချိန်တည်းတွင် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ပမာဏသည်လည်း ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းကာ ယာဉ်အစီးရေ ၈၂၈၆၂၉ စီးသို့ ရောက်ရှိခဲ့သည်။ **ဆင်ဟွာ**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကူးစက်မှု မကြုံစဖူးမြန်ဆန်သည့်အရှိန်ဖြင့် ပျံ့နှံ့လာနိုင်ဟု ကုလသမဂ္ဂအကြီးအကဲ သတိပေး

ကျိန်ဗာ ဩဂုတ် ၂၈

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာဗိုင်းရပ်စ် ကူးစက်ရောဂါသည် ယခင်က မကြုံဖူးသည့်အရှိန်ဖြင့် လျင်မြန်စွာ ပျံ့နှံ့လာနိုင်သည့် အန္တရာယ်ရှိနေကြောင်း သတိပေးလိုက်သည်။

ဩဂုတ် ၂၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂူတာရက်စ်က အလယ်ပိုင်း အာဖရိကနိုင်ငံဖြစ်သည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ဖြစ်ပွားနေသော ကူးစက်ရောဂါအခြေအနေနှင့်ပတ်သက်၍ ပြင်းထန်သောစိုးရိမ်ပူပန်မှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းခဲ့သည်။

အတည်ပြုထားသော အီဘိုလာကူးစက်ခံရသူ ၅၇၃၃ ဦးရှိပြီး ၂၇၄၄ ဦး သေဆုံးခဲ့ကြောင်း၊ အပတ်စဉ် ကူးစက်ခံရသူအသစ် ၅၀၀ ခန့် ထပ်မံတွေ့ရှိနေရကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ချုပ်က ပြောကြားသည်။

ယခုရောဂါဖြစ်ပွားမှုသည် မှတ်တမ်းများအရ အလျင်မြန်ဆုံးပျံ့နှံ့လာသည့် အီဘိုလာကူးစက်ရောဂါဖြစ်ပွားမှုဖြစ်ကြောင်း ဂူတာရက်စ်က ဆက်လက်ပြောကြားသည်။ **အင်နဒ်အိတ်ချ်ကေ**

နယူးဇီလန် - အင်ဒိုနီးရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် ကတိပြု

ဝယ်လင်တန် ဩဂုတ် ၂၈

နယူးဇီလန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဩဂုတ် ၂၈ ရက်က အော့ကလန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အစားအသောက် လုံခြုံရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ အပါအဝင် အဓိကကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။

နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး ဝင်ဒေတန်ပီတာနှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဆူဂီအိုနိုတို့သည် နယူးဇီလန်-အင်ဒိုနီးရှား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၂၅-၂၀၂၉ လှုပ်ရှားမှုအစီအစဉ်တို့၏ အကောင်အထည်ဖော်မှုအခြေအနေများကို သုံးသပ်ခဲ့ကြကြောင်း နယူးဇီလန်အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် နယူးဇီလန်နိုင်ငံအတွက် မရှိမဖြစ် မိတ်ဖက်နိုင်ငံဖြစ်ကြောင်းနှင့် ၂၀၂၉ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး နယူးဇီလန်ဒေါ်လာ ၆ ဘီလီယံရရှိရန် ရည်မှန်းထားသည့်အတိုင်း တိုးတက်မှုများရရှိနေကြောင်း ပီတာက ပြောသည်။

ဝန်ကြီးများသည် စိုက်ပျိုးရေး၊ ပညာရေးနှင့် အရေးကြီးသည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံပူးတွဲထုတ်ပြန်ချက်ထုတ်ပြန်ခဲ့ကာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန် နောက်ထပ်ခြေလှမ်းများ လုပ်ဆောင်သွားမည်ဟု သဘောတူခဲ့ကြသည်။ **ဆင်ဟွာ**

ကာကွယ်ဆေး သုတေသနမြှင့်တင်ရန် မလေးရှားနိုင်ငံက နိုင်ငံတကာ ကာကွယ်ဆေးအင်စတီကျူသို့ ဝင်ရောက်

ကွာလာလမ်ပူ ဩဂုတ် ၂၈

မလေးရှားနိုင်ငံသည် ကာကွယ်ဆေးသုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တီထွင်ဆန်းသစ်မှုတို့တွင် အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် နိုင်ငံတကာ ကာကွယ်ဆေး အင်စတီကျူသို့ ဝင်ရောက်ခဲ့ကြောင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး ချန်လီခန်းက ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် ကာကွယ်ဆေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် မလေးရှားနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမို အားကောင်းစေမည် ဖြစ်သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံကဏ္ဍများအတွက် ကြိုတင် ပြင်ဆင်နိုင်ရေးတွင်လည်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေမည်ဟု ဝန်ကြီးဌာနက ပြောသည်။

နိုင်ငံတကာ ကာကွယ်ဆေး အင်စတီကျူတွင် မလေးရှားနိုင်ငံ ပူးပေါင်းပါဝင်လာခြင်းသည် အဖွဲ့အစည်းဆိုင်ရာ အောင်မြင်မှုတစ်ခု မျှသာမက နိုင်ငံ၏သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍများကို ကမ္ဘာ့အဆင့် ကျွမ်းကျင်သူများနှင့် ချိတ်ဆက်ပူးပေါင်းနိုင်မည့် အခွင့်အလမ်းကို ဖွင့်ပေးလိုက်ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။ **ဆင်ဟွာ**

ဖိလစ်ပိုင်အစိုးရက လမ်းပေါ်နေလူငယ်များအတွက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအစီအစဉ် စမ်းသပ်ဆောင်ရွက်မည်

မနီလာ ဩဂုတ် ၂၈

လမ်းပေါ်နေလူငယ်များနှင့် ကျောင်းပြင်ပရောက် လူငယ်များအတွက် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အစီအစဉ်တစ်ရပ်ကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DSWD) နှင့် အန္တရာယ်ရှိသော မူးယစ်ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့တို့က ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

"Program Silong" ဟု အမည်ပေးထားသည့် ယင်းအစီအစဉ်ကို အထူးမူးယစ်ဆေးဝါး ပညာပေးစင်တာများတွင် ဆောင်ရွက်သွားမည် ဖြစ်ပြီး ပါဝင်သူများ၏ တိုးတက်မှုအခြေအနေများကို သုံးသပ်ခြင်းအပါအဝင် စိတ်ပိုင်းနှင့် လူမှုရေးရာဝန်ဆောင်မှုများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးပညာပေးမှုများ၊ မိသားစု နှင့် လူမှုအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကို ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို မနီလာမြို့ပြဧရိယာ၊ အနောက်မင်ဒိုရိုနှင့် ဧမ်ဘိုအန်ဂါ ဒယ်လ်ဆူရ်တို့တွင် ကနဦးစတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအစိုးရဌာနများနှင့်စေတနာ့ဝန်ထမ်းများပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

နီပေါ-တရုတ်နယ်စပ် ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးသူ ၄၉၄ ဦးအထိရှိလာ၊ ၁၅၀၀ ကျော် ပျောက်ဆုံးနေဆဲ

ခတ္တမန်ဒူ ဩဂုတ် ၂၈

နီပေါနှင့် တရုတ်နယ်စပ်ဒေသတွင် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ရုတ်တရက်ရေကြီးမှုများကြောင့် သေဆုံးသူဦးရေ ၄၉၄ ဦးအထိ မြင့်တက်လာခဲ့ပြီး အခြား ၁၅၀၀ ကျော်မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ရေကြီးမှုများသည် နီပေါနိုင်ငံအလယ်ပိုင်းရှိ ရာဆူဝါ (Rasuwa) ခရိုင်နှင့် တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရှိဂါဇီ (Shigatse) မြို့တို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၂၇ ရက်က ရိုက်ကူးထားသည့် မှတ်တမ်းပုံများတွင် မြစ်နှင့် ပတ်ဝန်းကျင်ဧရိယာတစ်ခုလုံး ရွှံ့နွံများဖြင့် ဖုံးလွှမ်းနေပြီး အဆောက်အအုံများကိုလည်း မတွေ့မြင်ရတော့ပေ။

နီပေါအာဏာပိုင်များက လက်ရှိအချိန်အထိ သေဆုံးသူ ၄၈၉ ဦး ရှိကြောင်း အတည်ပြုထားပြီး ၉၇၇ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ တစ်ဖက်တွင် တရုတ်မီဒီယာများက တရုတ်နယ်စပ်ဘက်ခြမ်းတွင် သေဆုံးသူ သုံးဦးရှိပြီး ၅၅၈ ဦး ပျောက်ဆုံးနေကြောင်း ဖော်ပြခဲ့သည်။

နီပေါခရီးသွားဘုတ်အဖွဲ့က ထုတ်ပြန်ထားသည့် ဆက်သွယ်၍ ရသေးသော ခရီးသွားများစာရင်းတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးပါဝင်ပြီး ၎င်းတို့သည် ဂျပန်နိုင်ငံသားများဖြစ်နိုင်သည်ဟု ယူဆထားသည်။ **အင်နဒ်အိတ်ချ်ကေ**

တောင်ကိုရီးယားနိုင်ငံ၌ ဆေးသုတ်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံ မီးလောင်မှုကြောင့် သုံးဦးသေဆုံး

ဆိုးလ် ဩဂုတ် ၂၈

တောင်ကိုရီးယားနိုင်ငံ တောင်ချွန်ချောင်းပြည်နယ် ချွန်နန်မြို့၌ ဆေးသုတ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံ၌ မီးလောင်မှုဖြစ်ပွားသဖြင့် သုံးဦးသေဆုံးခဲ့ကြောင်း ယွန်ဟပ် သတင်းအေဂျင်စီက ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဆိုးလ်မြို့၏ တောင်ဘက် ၈၅ ကီလိုမီတာခန့်အကွာ ချွန်နန်မြို့အတွင်း စက်ရုံ၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၄၄ မိနစ်ခန့်က မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိပ်ဖြစ်စေနိုင်သော မီးခိုးများ စတင်ပျံ့နှံ့လာသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရေးပေါ် ဘေးအန္တရာယ် သတိပေးချက်တစ်ခု ထုတ်ပြန်ခဲ့ပြီး ဒေသခံများအား မိမိတို့၏ဘေးကင်းရေးကို ဦးစားပေးရန် တိုက်တွန်းထားပြီး ယာဉ်မောင်းများအနေဖြင့်လည်း ယင်းဒေသကို ရှောင်ပြီး အခြား လမ်းကြောင်းများမှ မောင်နှင်ရန်အကြံပြုထားကြောင်း သိရသည်။

ဆင်ဟွာ

Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

(ယမန်နေ့မှအဆက်)

(၁) Digital Smart မီတာအသစ် လျှောက်ထားသူမှ အကောင့် (User Account) ဖွင့်လှစ်ရမည့် လုပ်ငန်းစဉ်များ

နှစ်ဆင့်အတည်ပြုခြင်း စနစ်ဖွင့်ရန် (Enable 2FA)

အကောင့်ကို ပိုမိုလုံခြုံစိတ်ချရစေရန်အတွက် နှစ်ဆင့်အတည်ပြုခြင်း (Two-Factor Authentication) စနစ်ကို ဖွင့်လှစ်နိုင်ပါသည်-

(၁) စာမျက်နှာအောက်ခြေရှိ **"2FA ဖွင့်မည်"**ကို Click နှိပ်ပါ။

(၂) ဤစနစ်ကိုဖွင့်ထားပါက နောက်တစ်ကြိမ်အကောင့်ဝင်ရောက်သည့်အခါ သတ်မှတ်ထားသော လုံခြုံရေးကုဒ်နံပါတ် (TOTP) ကို စနစ်တကျ ထည့်သွင်းပေးရမည်ဖြစ်ပါသည်။

(၃) "2FA ဖွင့်မည်" ခလုတ်ကို နှိပ်လိုက်ပါက မျက်နှာပြင်ပေါ်တွင် လုံခြုံရေးဆိုင်ရာ QR ကုဒ်နှင့် စနစ်ထည့်သွင်းကီး (Setup Key)တို့ ပေါ်လာမည်ဖြစ်ပြီး အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်ရမည်ဖြစ်ပါ သည်။

(၄) မိမိဖုန်းထဲရှိအတည်ပြုခြင်းအက်ပ် (ဥပမာ-**Google Authenticator** သို့မဟုတ် **Microsoft Authenticator**) ကို ဖွင့်ပါ။

(၅) အက်ပ်အတွင်းရှိ အပေါင်းလက္ခဏာ (+) သို့မဟုတ် အကောင့်ထည့်ရန်ကို Click နှိပ်ပါ။

(၆) အက်ပ်ရှိ ကင်မရာဖြင့် စနစ်မျက်နှာပြင်ပေါ်တွင် ပြသထားသော **"QR ကုဒ်"**ကို **စကင်ဖတ်(Scan)** ပါ။ သို့မဟုတ် ဖုန်းဖြင့် စကင်ဖတ်ရန် အဆင်မပြေပါက ပေါ်နေသော **"စနစ်ထည့်သွင်းကီး" (Setup Key)**ကို ကူးယူပြီး အတည်ပြုအက်ပ်ထဲသို့ ကိုယ်တိုင်ရိုက်ထည့်ပေးပါ။

(၇) အက်ပ်ထဲတွင် ပေါ်လာသည့် အချိန်အလိုက် ပြောင်းလဲနေသော **ဂဏန်း ၆ ပါကုဒ်(OTP)**ကို စနစ်အတွင်းသို့ ရိုက်ထည့်၍ အတည်ပြုခြင်းကို ပြီးဆုံးအောင် ဆောင်ရွက်ပေးပါ။

(စ) လျှောက်ထားသူအကောင့် ဖျက်သိမ်းခြင်း

မိမိ၏ လျှောက်ထားသူအကောင့်ကို စနစ်မှ လုံးဝ (လုံးဝ) ဖျက်သိမ်းလိုပါက အောက်ပါအတိုင်း အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) အကောင့်စာမျက်နှာရှိ **"အကောင့်ဖျက်မည်"**စာသားကို Click နှိပ်ပါ။ ထိုအခါ လုံခြုံရေးအရ အတည်ပြုရန် မိုဒယ်ဘောက်စ် (Modal Box) တစ်ခု ပေါ်လာမည်ဖြစ်ပါသည်။

(၂) ပေါ်လာသောဘောက်စ်ထဲတွင်မိမိအသုံးပြုနေသော **လျှို့ဝှက်နံပါတ်(Password)**ကို ရိုက်နှိပ်ထည့်သွင်းပါ။

(၃) လျှို့ဝှက်နံပါတ် ထည့်ပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"**စာသားကို Click နှိပ်ပါ။ ထိုအခါ အတည်ပြုကုဒ်တောင်းခံရန် စာသားကွက်ပေါ်လာမည်ဖြစ်ပါသည်။

(၄) စနစ်မှ အတည်ပြုကုဒ်ပေးပို့နိုင်ရန် **"ကုဒ်တောင်းမည်"** စာသားကို Click နှိပ်ပါ။ သင့်အကောင့်ထဲရှိ ဖုန်းနံပါတ် (သို့မဟုတ်) အီးမေးလ်ထံသို့ (၆) လုံးပါဝင်သော အတည်ပြုကုဒ် (6-Digit Code)ရောက်ရှိလာမည်ဖြစ်ပါသည်။

(၅) ရောက်ရှိလာသော ဂဏန်း(၆) လုံးပါ ကုဒ်နံပါတ်ကို စနစ်တကျ ပြန်လည်ဖြည့်သွင်းပြီးနောက် **"အကောင့်ဖျက်မည်"**စာသားကို Click နှိပ်ပါ။

(၆) အကောင့်ဖျက်သိမ်းခြင်း အောင်မြင်သွားပါက စနစ်သည် **Login Page (အကောင့်ဝင်ရောက်ရန် စာမျက်နှာ)**သို့ အလိုအလျောက် ပြန်လည်ရောက်ရှိသွားမည် ဖြစ်ပါသည်။

အထူးသတိပြုရန် - ဖျက်သိမ်းလိုက်သော အဆိုပါအကောင့် (User Account) ကို နောက်နောင်တွင် စနစ်အတွင်းသို့ မည်သို့မျှ **ပြန်လည်ဝင်ရောက်အသုံးပြုနိုင်တော့မည်မဟုတ်ပါ။**

ပုံ(၁၇) အကောင့်ဖျက်ရန် ဖောင်ပုံစံ

ပုံ(၁၈) အကောင့်ဖျက်ရန် ဖောင်ပုံစံ

ပုံ(၁၉) အကောင့်ဖျက်ရန် ဖောင်ပုံစံ

(ဆ) လျှောက်ထားသူအကောင့်မှ ပြန်လည်ထွက်ခွာခြင်း

လျှောက်ထားသူသည် မိမိ၏ အမည်၊ အီးမေးလ်နှင့် ဖုန်းနံပါတ် စသည့် ကိုယ်ရေးအချက်အလက်များကို ပြင်ဆင်လိုပါက အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်နိုင်ပါသည် -

(၁) Website ၏ ညာဘက်အပေါ်ဆုံးထောင့်ရှိ **လူပုံစံ (User Icon)**ကို Click နှိပ်ပါ။

(၂) ပေါ်လာသော မီနူးဘားမှ **"ထွက်ရန်"(Sign Out)** ကို Click နှိပ်၍ အကောင့်မှ ပြန်ထွက်နိုင်ပါသည်။

ပုံ (၂၀) လျှောက်ထားသူအကောင့်မှ ပြန်ထွက်ရန်ပြပုံစံ

(၂) Digital Smart မီတာအသစ်လျှောက်ထားခြင်းအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

စနစ်အတွင်းသို့ အောင်မြင်စွာ ဝင်ရောက်ပြီးပါက အိမ်သုံးမီတာ/ပါဝါမီတာအသစ်အသုံးပြုခွင့် လျှောက်ထားခြင်း စာမျက်နှာသို့ ရောက်ရှိမည်ဖြစ်ပြီး အပေါ်ယာဘက်ထိပ်ရှိ **"လျှောက်လွှာအသစ်"** အစိမ်းရောင်စာသားကို Click နှိပ်၍ စတင်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် မိမိတို့ လျှောက်ထားလိုသော မီတာအမျိုးအစားများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များဟူ၍ သက်ဆိုင်ရာဒေသအလိုက် တိကျစွာ ခွဲခြားရွေးချယ်ပြီး လျှောက်တင်ရမည်ဖြစ်ပါသည်။



ပုံ(၂၁) သက်ဆိုင်ရာဒေသအလိုက် လျှောက်လွှာများပြပုံစံ

မီတာလျှောက်လွှာ တင်သွင်းရာတွင် အောက်ပါအတိုင်း မီတာအမျိုးအစားများ အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာ၊ ကန်ထရိုက်တိုက် အိမ်သုံးမီတာနှင့် စက်မှုသုံးပါဝါမီတာဟူ၍ (၄)မျိုး ခွဲခြားသတ်မှတ်ထားပါသည်။ လျှောက်ထားသူသည် မိမိလျှောက်ထားလိုသော တိုင်းဒေသကြီးအလိုက် မီတာအမျိုးအစားကို ရွေးချယ်၍ Click နှိပ်ပြီး လျှောက်လွှာများကို ဆက်လက်ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(က) Digital Smart မီတာအသစ်လျှောက်ထားခြင်း

မီတာလျှောက်ထားရာတွင် ပထမဦးစွာ စနစ်တွင် ပြသထားသော စည်းမျဉ်းစည်းကမ်းချက်ကို ဖတ်ရှုရမည်ဖြစ်ပါသည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းချက်ကို သဘောတူလက်ခံကြောင်း အမှတ်အသားကွက်(Checkbox)တွင် အမှန်ခြစ်ပေးရမည်ဖြစ်ပြီး အမှန်ခြစ်ပေးပြီးမှသာ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

ပုံ(၂၂) မီတာလျှောက်ထားရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ

ဝန်ခံကတိပြုချက်များကို ဖတ်ရှုပြီး လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်အသားကွက် (Checkbox) တွင် အမှန်ခြစ်ပေး၍ နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ပုံ(၂၃) မီတာလျှောက်ထားရာတွင် ဝန်ခံကတိပြုရမည့်အချက်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင်ရာတွင် ကောက်ခံမည့် သတ်မှတ်နှုန်းထားမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။ ထို့နောက် **"သိမ်းဆည်း၍ ဆက်လက်လုပ်ဆောင်မည်"** စာသားကို Click နှိပ်ပြီး နောက်တစ်ဆင့်သို့ ဆက်လက်လုပ်ဆောင်ရပါမည်။

ပုံ(၂၄) မီတာကောက်ခံမည့် သတ်မှတ်နှုန်းထား

(ဆက်လက်ဖော်ပြပါမည်)

ကျောက်မဲမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ကျောက်မဲ ဩဂုတ် ၂၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မြို့ကျက်သရေ ဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲဗိုလ်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ပင်လုံလမ်းမပေါ်တွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ မောင်းနှင်သည့် ဒေသခံများအား အသိပညာပေး ဟောပြောသည်။

ဟောပြောပွဲတွင် အမှတ် (၁၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲဗိုလ်ထွန်းနိုင်ဖြင့်နှင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်မှူး ဦးမျိုးအောင်လင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဆိုင်ကယ်စီး ဦးထုပ်အလုံး ၅၀ကို မဲန့်ကိုးပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ရွှေဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်တို့၌ ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု စာပေနှင့် ဓလေ့ထုံးစံများကို စနစ်တကျထိန်းသိမ်းထားရှိ

တောင်ကြီး ဩဂုတ် ၂၈

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရွှေဟောင်းသုတေသန အမျိုးသားပြတိုက် ရွှေဟောင်းသုတေသနဆိုင်ရာပြခန်း၌ ပေါရိသတ်မြို့ဟောင်းမှရရှိခဲ့သည့် ကြေးဖြင့် သွန်းလောင်းထားသော ပျူခေတ်ဆိုင်ရာ ရွှေဟောင်း ဗုဒ္ဓဆင်းတုတော်၊ သစ်သားဖြင့် ထွင်းထုထားသော စေတီတော်၊ ပျူဒင်္ဂါးများနှင့် ရုပ်ကြွပါသော အုတ်ချပ်များ၊ သစ်မွေးစာတိုက် သေတ္တာများ၊ ရှမ်းတိုင်းရင်းသားစာဆိုတော်များ၏ ပန်းချီကားများ၊ ရွှေယခင်ကုန်စည် ဝန်ဆောင်မှုတွင် အသုံးပြုသော ကြေးခေါင်းလောင်းများ၊ သမိုင်းဝင် ပင်လုံစာချုပ်နှင့်ပန်းချီပြခန်းကို ပြသထားရှိကြောင်း သိရသည်။

ထို့ပြင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေ အနှစ်ပြခန်း၌ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်များ၊ လက်မှုလုပ်ငန်းများ၊ စဉ်ဆက်ဆင်း ယွန်းထည်၊ မြေထည်များ၊ တိုင်းရင်းသားများ၏ ရိုးရာအိမ်ပုံစံ ငယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စု ပြခန်းနှင့် ရှမ်းပြည်နယ်၏ အထိမ်းအမှတ် ကိန္နရီကိန္နရာ ကဟန် ရုပ်တု၊ ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင် ပစ္စည်းများကို ပြသထားရှိသည်။

ထိုသို့ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ရှာဖွေဖော်ထုတ်ပြီး စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ယနေ့နံနက် ပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ် ဝန်ကြီးများနှင့်အတူ ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ စာကြည့်တိုက်၌ သုတ၊ ရသစာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှုနှင့် စာအုပ်

စာစောင်များ ၄င်းရမ်းပေးမှု၊ ရည်ညွှန်း မြန်မာစာအုပ်နှင့် အင်္ဂလိပ်စာအုပ်များ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ ပေစာ၊ ပုရပိုက် စာများ၊ ရှမ်းစာပေစာလိပ်များနှင့် သတင်းစာများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်က သမိုင်းကြောင်း အရအဖိုး မဖြတ်နိုင်သည့် တန်ဖိုးရှိသည့် စာပေများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်ရန် စီစဉ် ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း (တောင်ကြီး)

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ တို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် ပစ္စတိုသေနတ်တစ်လက်၊ MA-1 သေနတ် တစ်လက်၊ MA-3 သေနတ်နှစ်လက်၊ MA-11 သေနတ်တစ်လက်၊ ကေအေသေနတ် တစ်လက်၊ လက်လုပ်သေနတ်တစ်လက်၊ ကျည်အိမ်ခုနစ်ခုနှင့် လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးတို့အား အပ်နှံခဲ့ရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်းဖယ်သေနတ် ခြောက်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀ ၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးအတွက် ဆုကြေး ငွေကျပ်သိန်း ၃၀၊ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ဆုကြေးငွေ ၄၇ သိန်း ၅ သောင်းကျပ်၊ စုစုပေါင်း ဆုကြေးငွေ ၃၉၇ သိန်း ၅ သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းမြို့မှ အမျိုးသား ၅၅ ဦး၊ အမျိုးသမီးခြောက်ဦး၊ မုံရွာမြို့မှ အမျိုးသား ၁၄ ဦး၊ ရွှေဘိုမြို့မှ အမျိုးသား ခုနစ်ဦး၊ ရေဦးမြို့မှ အမျိုးသားတစ်ဦး၊ ဝန်းသိုမြို့မှ အမျိုးသားသုံးဦး၊ ကသာမြို့မှ အမျိုးသားလေးဦးနှင့် ကန့်ဘလူမြို့မှ အမျိုးသားသုံးဦး၊ စုစုပေါင်း အမျိုးသား ၈၉ ဦးနှင့် အမျိုးသမီးခြောက်ဦး စုစုပေါင်း ၉၅ ဦးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနား၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအနေဖြင့် ဟားခါးမြို့မှ အမျိုးသားတစ်ဦး၊ ကလေးမြို့မှ အမျိုးသား ၂၅ဦး၊ အမျိုးသမီးနှစ်ဦး၊ မော်လိုက်မြို့မှ အမျိုးသားတစ်ဦး၊ ဖောင်ပြင်မြို့မှအမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် တမူးမြို့မှ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၄၅ ဦးတို့သည် ၎င်းတို့နှင့်အတူ ပါရှိလာသည့် ပစ္စတိုသေနတ်တစ်လက်၊ MA-1 သေနတ် နှစ်လက်၊ MA-3 သေနတ် နှစ်လက်၊ MA-11 သေနတ်တစ်လက်၊ M-22 သေနတ်တစ်လက်၊ Type-81 သေနတ် ၁၁ လက်၊ AK-47 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်နှင့် ရိုင်ဖယ် သေနတ်တစ်လက် စုစုပေါင်း ၂၁ လက်၊ ကျည်အိမ် အခု ၃၀၊ ကျည်မျိုးစုံ ၆၇၉ တောင့်၊ လက်ပစ်ဗုံးခြောက်လုံးနှင့် စကားပြောစက်သုံးလုံးတို့အား လွှဲပြောင်း အပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူပြီး မောင်းပြန်ရိုင်ဖယ်သေနတ် အလက် ၂၀ အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၀၊ ပစ္စတိုသေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံး ခြောက်လုံးအတွက် ဆုကြေးငွေကျပ် ၁၈ သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ်ခြောက်သိန်း၊ ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများအတွက် ဆုကြေးငွေ ၂၂ သိန်း ၅ သောင်းကျပ်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံသို့စနစ်တကျလွှဲပြောင်း အပ်နှံပေးကြသည်။

ထို့ကြောင့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အသီးသီးမှ အမျိုးသား ၁၃၁ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၄၀ သည် လက်နက်မျိုးစုံ ၂၇ လက်၊ လက်ပစ်ဗုံး ၁၆ လုံး၊ ခဲယမ်းများ ဆက်စပ်ပစ္စည်းများနှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုး မှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည်လွှဲအပ် ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူ များအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အဖြန့်ဆက်သွယ် သတင်း ပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ် သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်း များအတွက် ဆုကြေးငွေများ ထိုက်တန် စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**

ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလွန်ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ (Bund Slope) တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှော ရေတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာ မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသံတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာ မြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝန်မြစ်ရေသည် ခုနစ်ပေ ကိုးလက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် လေးပေ ၁၁ လက်မခန့်သာ ကျန်ရှိတော့သဖြင့် နှစ်ပေ ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ နှစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေ ခြောက်လက်မခန့်သာ ကျန်ရှိတော့သဖြင့် တစ်ပေ ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့၌ ဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ကိုးလက်မခန့်ထိအမြင့် ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ကိုးပေ ရှစ်လက်မခန့်သာ ကျန်ရှိသဖြင့် တစ်ပေ တစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ရေပြန်လည် ကျဆင်းသွားသည့် လေးမျက်နှာ - ဟသံတ သွားကားလမ်းမကြီးနှင့် အချို့ နေရာများအား အများပြည်သူများနှင့် မော်တော်ယာဉ်များ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ကားလမ်းမကြီးပေါ်၌ တင်ကျန်ခဲ့သည့် နှုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် အတူ ရေဘေးကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေး အတွက် အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝန်မြစ်ရေတက် ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်မြစ်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဓာတ်အားလိုင်းများထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအား ဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၁) ရှိ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍လည်းကောင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဓာတ်အားပိတ်နယ်မြေအတွင်းရှိ ရုံးဌာနများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ ၂၃၀ ကေဗွီ မြောင်းတကာပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ရန် ဩဂုတ် ၃၀ ရက်၊ နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ အချိန်ငါးနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့/မြို့နယ်များ၊ ရပ်ကွက်များနှင့် ကျေးရွာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် ပတ်ဝန်းကျင်ဒေသများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ၂၃၀ ကေဗွီ မြင်းခြံ Switching Station ဓာတ်အားခွဲရုံအား ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ၂၃၀ ကေဗွီ သပြေ၀-မြင်းခြံ (သံမဏိ) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ သပြေ၀-မြင်းခြံ (သံမဏိ) ဓာတ်အားလိုင်းကို ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ ယာယီဓာတ်အားပြတ်တောက်နိုင်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်တောက်မည့် ဧရိယာများရှိ စက်ရုံ၊ အလုပ်ရုံများကို ကြိုတင်ညှိနှိုင်း အကြောင်းကြားထားပြီးဖြစ်သည်။

အလားတူ ကချင်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများသို့ ဓာတ်အားတည်ငြိမ်စွာ ပို့လွှတ်နိုင်ရန်အတွက် ၆၆ ကေဗွီ ဝိုင်းမော်-မြစ်ကြီးနား အမှတ် (၁) ဓာတ်အားလိုင်း၏ ဗလမင်းထင်တံတားပေါ်ရှိ တိုင်အမှတ် (၃၄ နှင့် ၃၅) ကြားတွင် ကောဘယ်လ်ကြိုးအသစ် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် အဆိုပါ ကောဘယ်လ်ကြိုးအား ဝန်အားချိတ်ဆက်ပို့လွှတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ရာ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ သုံးနာရီအကြာ မြစ်ကြီးနားခရိုင်နှင့် မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များ ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ သတင်းစဉ်

(၂၈-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ဈေးဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၈ ~ ၃၆၆၉	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၁၄,၈၄၀,၃၄၁.၄၂	၄၄,၁၃၅,၂၆၀.၉၇	၆,၁၂၄,၁၀၈.၉၉	

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်
တိုစိုက်ခဲ့လျှင် အကောင်းဆုံးပင်၊
အခုချိန်စိုက်နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါး ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

ထားဝယ် ဩဂုတ် ၂၈

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်အေးအေးသန်းက အဂတိလိုက်စားမှုကင်းစင်ပြီး ရိုးသားမှု၊ တာဝန်ယူမှုနှင့် တရားမျှတမှုရှိသည့် လူမှုအသိုင်းအဝိုင်းနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ရပ်ဖြစ်ပေါ်လာစေရန် အဂတိလိုက်စားမှု ဖြစ်ပေါ်စေသည့်အကြောင်းရင်းများကို ဝိုင်းဝန်းရှာဖွေဖော်ထုတ်၍ တားဆီးကာကွယ်ဖြေရှင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာများ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် နှင့် တာဝန်ရှိသူများ၊ ထားဝယ်တက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် နှစ်ဦး၊ ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဌေးငယ်(ထားဝယ်)

တွံတေးမြို့နယ်၌ ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ (လက်ချည်ပွဲ)အခမ်းအနားကျင်းပ

တွံတေး ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် သုံးအိမ်ကျေးရွာ၌ ဩဂုတ် ၂၆ ရက်က သုံးအိမ်ကျေးရွာမဟာသဒ္ဓမ္မရုံသီ ကျောင်းတိုက်၌ ခရင်းအဆင့် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောဂျက်ကေ့ထူး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးနေမင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက အတီး စောမျိုးချစ်တို့က ဖားစည်ကိုးချက်တီးကာ ကရင်လူငယ်ကိုးဦးက ကွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ စတင်ရန် ဘိုးဘွားများ နေရာယူကာ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်၊ တွံတေးခရိုင် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ကရင်ဘိုးဘွားများက ချည်ဖြူဖွဲ့ပေးကြသည်။

မျိုးလှိုင်(တွံတေး)

တာချီလိတ်မြို့ အထက(ဆန်ဆိုင်း)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

တာချီလိတ် ဩဂုတ် ၂၈

တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ဆန်ဆိုင်း)၌ ကျင်းပရာ ဆွေးနွေးသူကျောင်းသား ကျောင်းသူများက လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့် ဗလငါးတန်၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စာပေ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးပြီး လူငယ်ရေးရာ အသိပညာပေးစာအုပ် စာစောင်များနှင့် နံရံကပ်စာစောင်တို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ရွှေဖြိုင်သူ(ပြန်/ဆက်)

သန်လျင်မြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေး ဟောပြော

သန်လျင် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်း အခြေခံပညာအထက်တန်းကျောင်း သင်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က နူတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း (ရဲချုပ်-ငြိမ်း)က မူးယစ်ဆေးဝါးအမျိုးမျိုး မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးအမျိုးမျိုး၏ ဆိုးကျိုးဘေးအန္တရာယ်များနှင့် ခေတ်အဆက်ဆက် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးပြဿနာအကြောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် ပြစ်မှု/ပြစ်ဒဏ်များအကြောင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း စတင်ဖွဲ့စည်းပုံအကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

MANA

တိုက်ကြီးမြို့နယ်၌ မြစ်ရေဝင်ရောက်ခဲ့သည့် မိုးစပါးများ ပျက်စီးလေလွင့်ဆုံးရှုံးမှု မရှိစေရေး ကွင်းဆင်းစစ်ဆေး

တိုက်ကြီး ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဧရာဝတီမြစ်ရေနှင့် လှိုင်မြစ်ရေ မြင့်တက်ရောက်ခဲ့သည့် မိုးစပါးများ ပျက်စီးလေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က တောင်ရပ်ဇီးကုန်းကျေးရွာအုပ်စု၊ ကြာအင်းကျေးရွာအုပ်စု၊ ကံကလေး(အေ) ကျေးရွာအုပ်စု၊ တော်ခရမ်းကျေးရွာအုပ်စု၊ ချောင်းသုံးခွကျေးရွာအုပ်စု၊ ရေတွင်းဖြူကျေးရွာအုပ်စုနှင့် ကျုံတကင်းကျေးရွာအုပ်စုများရှိ ဧရာဝတီမြစ်ရေနှင့် လှိုင်မြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် မိုးစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မိုးစပါးများ ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး၊ ပျက်စီးမှုများအား သတ်မှတ်ကာလအတွင်း ပြန်လည်ဖာထေး စိုက်ပျိုးရေး၊ မိုးစပါးလျာထားဧက ပြည့်မီကျော်လွန်စေရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ဖြင့်မားရေး ဆွေးနွေးခဲ့ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် ကြက်ခြေနီအကြောင်းသိကောင်းစရာ ဟောပြော

နေပြည်တော် ဩဂုတ် ၂၈

မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် ကြက်ခြေနီအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောခြင်းများကို ဩဂုတ် ၂၆ ရက်က နေပြည်တော် လယ်ဝေးမြို့နယ်ရေကာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲခန်းမဆောင်၌ပြုလုပ်ရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ/မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)။ လယ်ဝေးခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်(ဟိန်းအောင်)က ကျောင်းမှ ကျောင်းသားများအား မူးယစ်ဆေးဝါးအန္တရာယ်၊ ဆိုးကျိုးများ/ ပြန်လည်ထူထောင်ခြင်းအကြောင်းများနှင့် ကြက်ခြေနီအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ **ဧဝံဘီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေး ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များသည် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် မြို့မရဲစခန်းနှင့် (အနောက်ပိုင်း)မြို့နယ် သောင်ကြီးနယ်မြေရဲစခန်းတို့မှ ဒုရဲအုပ်ဇာဖြူထွန်းနှင့် တပ်ဖွဲ့ဝင်များ ဖြင့်လည်းကောင်း၊ ဗဟန်းမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ဖြင့်လည်းကောင်း အိမ်တိုင်ရာရောက် မှုခင်းပညာပေးခြင်းနှင့် ပြည်သူများ လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစေရေး အသိပညာပေးဆောင်ရွက်ကြသည်။

အောင်သူ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားသုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Taxi ယာဉ်မောင်းအား ဓားဖြင့်ထိုး၍ လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားသုံးဦးနှင့် ထန်းတပင်မြို့နယ်၌ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး သန်လျက်မြို့နယ် ဗိုလ်ချုပ်ရပ်ကွက်နေ ဦးစိန်မြင့်ဦး (၅၁) နှစ်သည် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ရိုးကြီး/ရိုးလေးကျေးရွာအနောက်ရထားလမ်းမကြီးရှိ Gas ဆိုင်အနီး၌ ၎င်းမောင်းနှင်သည့် Taxi ယာဉ်အား အမျိုးသား သုံးဦးမှ ဘုရင့်နောင်ကားကြီးဝင်းသို့ ငှားရမ်းခဲ့သဖြင့် လိုက်ပါပို့ဆောင်ခဲ့ရာ ဘုရင့်နောင်ပွဲရုံဝင်း "ဇန္ဓာလ" လက်ဖက်ခြောက် ရောင်းဝယ်ရေးပွဲရုံရှေ့အရောက်တွင် အဆိုပါ အမျိုးသားသုံးဦးက ဓားမြောင်းဖြင့် ထိုးကာ ငွေကျပ် ၁ သိန်းနှင့် Vivo အမျိုးအစား ဖုန်းတစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ဘုရင့်နောင် နယ်မြေရဲစခန်း၌ (ပ)၁၈၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်စုံစမ်းစစ်ဆေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဩဂုတ် ၂၇ ရက် ညပိုင်းတွင် မှော်ဘီမြို့နယ် အစုလေးကျေးရွာနေ ဦးအောင်မျိုးနိုင် (၃၈) နှစ်သည် ၎င်း၏နေအိမ်မှ ထန်းတပင်မြို့နယ် ပန်တောကျေးရွာသို့ ၎င်းပိုင် ဆိုင်ကယ်ဖြင့် သွားရောက်စဉ် ပန်းတောကျေးရွာ ထိပ်အရောက် ဆိုင်ကယ်ရှေ့မှ လမ်းပိတ်ဆို့ ရပ်တန့်ခိုင်းကာ ဓားဖြင့်ထိုးခုတ်၍ ဆိုင်ကယ်အား လုယက် ယူဆောင်သွားခဲ့သဖြင့် လုယက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ တရားခံများဖြစ်ကြသည့် သန်းစိုးဦး(ခ) တက်တူး၊ မောင်မောင်ကြည်၊ ရဲဝင်း(ခ) ကျော်စွာဝင်းတို့ သုံးဦးနှင့် ဆိုင်ကယ်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ချစ်ကိုကို နှင့် မျိုးကျော်ကျော်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်းနှင့် ဖမ်းဆီးရန် ကျန်တရားခံများကို ထပ်မံ ဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

မိုင်းရပ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ပြည်ပနိုင်ငံသား နှစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိ

မိုင်းရပ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသားတစ်ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ် ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင်အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်း နိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရပ်မြို့နယ် မန်မိုင်းကျေးရွာနှင့် မန်းကကျေးရွာအကြား တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်သူများအား သွားရောက်ဖမ်းဆီးစဉ် ထွက်ပြေးလွှတ်မြောက်သွားသည့် တရုတ်နိုင်ငံသား အမျိုးသားတစ်ဦးနှင့် ကာဇက်စတန်နိုင်ငံသား အမျိုးသား တစ်ဦးတို့အား ဖုန်းမျိုးစုံ ဆယ်လုံးနှင့်အတူ ယနေ့မွန်းလွဲ ပိုင်းတွင် နာလီကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကလေးမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ကလေးမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ သိန်းကျော် ဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီတွင် သတင်းအရ ကလေးမြို့နယ် ချင်းတွင်းတံတားအနီးတွင် ဇမ်းလျန်းပုမ်း မောင်းနှင်ပြီး ဒိုးရှန်းမန်(ခ)မာနန့်ဇွေ့ လိုက်ပါလာသော KIA BOGON မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာမှရရှာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၉ ဒသမ ၂ သိန်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို လက်ခံသူများ ဖြစ်သည့် ကလေးမြို့ တောင်ဖိလာရပ်ကွက်နေ ပေါင်ရှင်းတွေ(ခ) တွမ်ဝီးနှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပေါင်ရှင်းတွေ(ခ) တွမ်ဝီးအား မတွေ့ရှိရဘဲ မဇင်လမ်မာန်ကိုဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကလေးမြို့ချမ်းမြေအောင်စည် ရပ်ကွက်နေ ဟောက်ခန့်ခွာလ်အား စိတ်ကြွဆေးပြား ၂ ဒသမ ၆ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှု ဖြစ်စဉ်တွင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၁ ဒသမ ၈ သိန်းအား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကလေးသို့ ပို့ဆောင်ရောင်းချပေးသူမှာ နမ့်စန်မြို့နေ ကောင်းစံ(ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး နမ့်စန်မှ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်သို့ ပို့ဆောင် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပေါင်ရှင်းတွေ(ခ) တွမ်ဝီး (ဖမ်းဆီးရန်ကျန်) နှင့် ၎င်း၏ဇနီး မဇင်လမ်မာန်တို့က တန့်ဆည်မှကလေးသို့ ဆက်လက် သယ်ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တရားခံ ဒိုးရှန်းမန်(ခ)မာနန့်ဇွေ့၊ ဇမ်းလျန်းပုမ်း(ခ)လျန်ဝီး၊ မဇင်လမ်မာန်နှင့် ဟောက်ခန့်ခွာလ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ(ငြိမ်း) အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၈

ဟင်္သာတမြို့နယ်၌ ကျောင်းဆရာမ (ငြိမ်း) အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းနှင့် ငွေများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နဲမနိုတ်ကျေးရွာနေ ဒေါ်လှလှဝင်း (၇၁)နှစ် ကျောင်းဆရာမ(ငြိမ်း)သည် ဩဂုတ် ၂၁ ရက် မွန်းလွဲ ပိုင်းက နေအိမ်နောက်ဘက်ရှိ ရေချိုးခန်း ဝင်ပေါက်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည် ပစ္စည်းနှင့် ငွေများပျောက်ဆုံးလျက်ရှိကြောင်း သတင်းအရ နီဗွာနန်နယ်မြေရဲစခန်း (ပ)၂၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် တရားခံများအား သက်သေခံပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ စိတ်ချမ်းသာ။

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
လွိုင်ကော်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄

ခေါ်ဆယ်ဝေ နှင့် ဦးနိုင်လင်း
(တရားလို) (တရားပြိုင်)

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အုပ်စု(စ)၊ မိုင်းလုံးရပ်ကွက်၊ တိုးချဲ့လမ်းနေ ဦးနိုင်လင်း၊ (ဘ)ဦးဆယ်ဆောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ခေါ်ဆယ်ဝေက လင်မယားကွာရှင်းပြတ်စဲလေရာ၌မူ လျှောက်ထားခွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ခုနှစ်၊ ဧကာဝင်ဘာလ ၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ဂုက်) မွန်းမတ်လွဲ၌ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုရသွက်ဂို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ မျက်ကွက်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအံ့မြဲပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့ကုန်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုအဆိုင်ခ် လေးရက်ကတင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်ပိုင်မင်းသော်)
ခုတိယမြို့နယ်တရားသူကြီး(၁)
လွိုင်ကော်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ကလောမြို့နယ်တရားရုံးတော်၌
၂၀၂၆ ခုနှစ်၊ တရားကြီးမှုအမှတ် - ၂၄

ခေါ်တင်ဝင်းမော် နှင့် ဦးဟိန်းနေဝင်း
(တရားလို) (တရားပြိုင်)

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်ဆံကျေးရွာအုပ်စု ၊ အင်းပြင်ကျေးရွာနေ တရားပြိုင် ဦးဟိန်းနေဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဖြစ်ပြောကြောင်းအရေးသားဝယ်စာချုပ်အား မှတ်ပုံတင် စာချုပ်ချုပ်ဆိုသေးစေလိမ့်မူ လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧကာဝင်ဘာလ (၈) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် (၁၁)ရက်) မွန်းမတ်လွဲ၌ (၁၀)နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကငြင်းချက်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအံ့မြဲပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့ကုန်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုအဆိုင်ခ်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ဦမိုးနု)
မြို့နယ်တရားသူကြီး
ကလောမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားကြီးမှုအမှတ်-၂၁၈

ဦးနိုင်ဦး နှင့် ဦးထွေးအောင်သန်း
တရားလို တရားပြိုင်

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ဂုဝမ၇၂လမ်းကြား။ ၁၁၈လမ်း၊ အကွက်အမှတ် (အ-၁)၊ ဦးပိုင်(၁၈)နေ ဦးထွေးအောင်သန်း၊(ဘ) ဦးခင်မောင်သန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနိုင်ဦး က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ယ-၂)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အလန်ရှိ ခြံလုပ်ကြီးကျော်သိန်း အမည်ပေါက်ဂါဝန်ရန်းခြေကွက်အား အရောင်းအယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမူရလိုကြောင်းနှင့် လျှောက်ထားခွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပခြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဧကာဝင်ဘာလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၁ ဂုက်) မွန်းမတ်လွဲ၌ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ပျက်ကွယ်ထွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေတင်ပြအံ့မြဲပြုလိုသည့် စာချုပ် စာတမ်းများနှင့် သင်ကထုချေတင်ပြအံ့မြဲပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့ကုန်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုအဆိုင်ခ်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(အင်ကြင်းမှူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ရွေ့စဲပယ် ကိုယ်ပိုင်အထက်တန်း ကျောင်း (Grade-12) STEMS -1 တွင် ပညာသင်ကြားနေသော မောင်အောကာမင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဇော်လင်း ၁၀/မဒန(နိုင်)၁၀၄၄၈ ဖြစ်ပါကြောင်း။

ဦးနိုင်ဇော်လင်း

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အထက(ခွဲ)အတွင်းရေးဆိုင် Grade-8 တွင် ပညာသင်ကြားနေသော မောင်သုရိန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနေဝင်းနောင် ဖြစ်ပါကြောင်း။

ဦးနေဝင်းနောင်

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အထက(ခွဲ)-အပြင်ရေးဆိုင် Grade-8 တွင် ပညာသင်ကြားနေသော မောင်သုရိန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနေဝင်းနောင် ဖြစ်ပါကြောင်း။

ဦးနေဝင်းနောင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ် (၁၄၄၁)၊ စရိယာအကျယ်အဝန်း ၀.(၄၀၀၆၀)ရှိ မြေချပ်မစ်အဆင့်ပေါက် ဦးတင်သန်းဟုမှတ်သားတည်ရှိသော မြေချပ်မစ်မြေကွက်အပါ အဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်စဲပြီးဖြင့် ဝယ်ယူထားပြီး လက်ရောက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ယခုရောင်းချသူ ဦးကျော်ကျော်ထွန်း (၁/ဒဂဝတ(ပြု)၀၀၀၉၉၂) က လက်ရောက်ပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ် သူ ဒေါ်ဖြူဇင်သန်း (၇/မညန(နိုင်)၀၇၁၅၁)ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်စသောကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ပိုင်ဆုံးကို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်ပိုင်ဝါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုဦင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၀၀၇၆)
အမှတ်(၁၁)၊ (၃၄)လမ်းအောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-09- 795898083

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁၈)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ အမှတ်(၁၆၇)၊ အခန်းအမှတ်-(တတိယထပ်) (၄-ယွာ/ခေါင်းရင်း+ခန်း/လက်ဝဲဘက်)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူသော် (၁၂/မဂဒ(နိုင်)၀၀၃၈၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစောကျော်စွာထွန်း (၅/ဘတလ(နိုင်)၁၁၀၀၉)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရောနှင့်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်ပိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည်သူမရှိပါက အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုဦင် (LL.B) ဒေါ်ခင်ဝေသိန်း (LL.B) ဒေါ်သိမ့်သိမ့်ဝေ (LL.B, LL.M)
(စဉ်-၁၁၅၅၃) (စဉ်-၁၃၂၈၆) (စဉ်-၅၆၈၈၇)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
တိုက်(၁၀/၁)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၇ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၄၃၀၂၆၃၉၉၊ ၀၉-၇၃၀၂၆၃၉၉

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၅/ကူးတို့မြောက်) ဦးပိုင်အမှတ်(၁၆)-ဃ၊ ၁၆၂-လမ်း၊ စရိယာ(၀.၀၄၀)ဧကကျဲမြေသည် မြို့မြေအမှတ်အမှတ် ၆၇ ∨ ၂၀၀၇-၂၀၀၈ အရ ဒေါ်ခင်မြင့် အမည်ဖြင့် ဦးပိုင်အမှတ်(၁၆၂-ဃ)။ စရိယာ (၀.၀၃၇)ဧကရှိမြေနှင့် မြို့မြေအမှတ်အမှတ် ၂၉-၁၉၉၂အရ ဦးလှမောင်အသည်ဖြင့် ဦးပိုင်အမှတ်(၁၆၂-ငဒ)၊ စရိယာ(၀.၀၂၄)ဧကရှိမြေတို့သည် (၂-၉-၁၉၉၃)မှ (၁-၉-၂၀၂၁)အထိ နှစ်(၃၀)ကျိုးထားသောမြေကို ဒေါ်ညီညီဝင်းအမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင့်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်ပါမြန်မာပြည် မြေနှင့်အခွန်ဝန်ထမ်းများပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီဝွတ်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုနယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(စ-၇၊ နှနှဝန် (စက်မှုနယ်)၊ ဦးပိုင်အမှတ်(၄၁-လမ်း(၉၁၊ ၉၃)၊ စရိယာ(၀.၂၂၀)ဧကကျဲ မြေနေရာသည် မြို့မြေအမှတ်အမှတ်၊ ၃၆/VRP ၂၀၂၅-၂၀၂၆ အရ ဦးကံဝင်းအမည်ဖြင့် (၈-ဖြ-၂၀၂၆)ရက်မှစ၍) (၂၉-၅-၁၉၉၆ မှ ၂၂-၅-၂၀၂၆)အထိ နှစ်(၃၀) မြေငှားစာချုပ်မိတ္တူ ခူထားပေးသော မြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၂၂-၅-၂၀၂၆)ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးကံဝင်းအမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင့်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်ပါမြန်မာပြည် မြေနှင့်အခွန်ဝန်ထမ်းများပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီဝွတ်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်ပြိုနယ်၊ မြို့သစ်-၅၊ ၅၁ ရပ်ကွက်၊ အကွက်အမှတ် (ခ-၃)၊ ဦးပိုင်အမှတ် (၄၉)၊ ၆၆လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဂရန်မဖြေကွက်အမည်ပေါက်သူ ဒေါ်တင်မိုးလှိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၈၅၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇီးဇီးထွန်း ၉/မရတ (နိုင်)၀၀၂၃၀၏ (GP ရရှိသူ ဦးဖြင့်ထွန်းဦး)က အမှုတွဲအမှတ် (၂၀၁၆/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောကထားပေါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေဘဝစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၉၅၊ မြို့ပိုင်အမှတ်၁၃-က၊ ၈၉X ၉၀ ကြား၊ ၂၃X၂၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသက် (စ/မနတ(နိုင်)၁၇၁၀၇၃) ဖြင့် သွဲအိုင်းဒေသ ခံရသူ ဒေါ်နန်းအေးအေးအောင် (စ/မရတ(နိုင်)၀၄၄၇၅၅၈) ဂရန်စာချုပ်တင်ပြရန် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန်လျှောက်ထားလာပါသည် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကျေးဇူးဆပ်ပါမည်

Myanmar Economic Holding Co,ltd ပိုင်ဆိုင်သော ငွေပင်လယ် -၁၅၂ ရေယာဉ်မှတ်ပုံတင်အမှတ် ON-102010 ၏(ဝေ့ဂုဂရန့်နှင့် LSA) မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့်ကွေ့ရိုက်ဆက်ရွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၂၂၉၈၀၄၉

ဖခင်အမည်မှန်

လေဝင်းလုံးမြို့နယ်၊ မောင်းမကန်ကျေးရွာမှအမှတ်(၁)အခြေခံပညာအထက်ဘန်းကျောင်း ကျောင်းပြင်ပမူလတန်းပညာရေး Level(2)မှ မောင်နိုတာလမင်း၏ ဖခင်အမည်မှန်မှာ ဦးတင်လှ ဖြစ်ပါကြောင်း။

ဦးတင်လှ

မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ အထက (၁၀) တွင် ကျောင်းဝင်အမှတ် (၉၉၁၀) ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွင်း Grade-9 ၌ လက်ရှိပညာသင်ကြားနေသည့် (၁၁)ဦးသန်းဦး၏ သားမောင်သော်စစ်မိုင်၏မွေးသက္ကရာဇ် အမှန်မှာ (၁၅-၁၀-၂၀၁၁) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အလက-ပိန္နဲတောင် Grade-9 တွင် ပညာသင်ကြားနေသော မဝေဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မျိုး ဖြစ်ပါကြောင်း။

ဦးအောင်ကျော်မျိုး

အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ မြေစိပ်ရပ်ကွက်၊ အကွက်အမှတ်(၁၂-ခ၀၊ အကွက်အမည် မြစ်ငယ်တွင်း၊ ဦးပိုင်အမှတ်(၁၁၁)၊ ဧရိယာ (၀.၁၁၀၀ ဝဂုဂ)ဧကကို ဘိုးဘဝိုင်အမည်ပြောင်းပေးရန် ဒေါ်လေးစွန်း(၃)ခေါ်စန်းမူ ပါ (၆)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လို သူများရှိပါက ၂၀၂၆ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း များနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊
မြိတ်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၃၃၀၅၆, Honda Click -125 , m/c ယာဉ် လက်ဝယ်ရှိသူ ဦးခေါင်းနိုင် (၆/သရခ(နိုင်)၀၅၅၃၃၀၃) ကလိမ့်မဲခေတ်ရှိသူ ဦးကျော်ဝင်းထွန်း (၁၂/ဒဂန(နိုင်)၀၁၀၀၆၂၃) ထံသို့ ပြောင်းလဲပေးရန် ဆက်သွယ်ရာတွင် ယာဉ်အား ရဲတပ်ဖွဲ့ ဘုရားကုန်းစခန်းတွင် ထားရှိသည်ကို တွေ့ရှိရသည်။ ယာဉ်ပိုင်ရှင်ဟု ဆိုသူ ဦးကျော်ဝင်းထွန်းသည် ယာဉ်ကို ရောင်းချခဲ့ကြောင်း ပြောကြားသဖြင့် ယာဉ်ကို ပြန်လည်ရယူရန် ဆက်သွယ်ရာ ဖုန်းလက်ခံသူက ယာဉ်ကို ဝယ်ယူ

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဦးထင်လင်းအောင် (၁၂/ သဃက (နိုင်) ၁၇၃၁၂၁)ကိုင်ဆောင်သူနှင့် ဒေါ်ဆုရည်မွန် (၁၂/စဓန (နိုင်) ၀၆၃၅၅၃)ကိုင်ဆောင်သူတို့သည် (၁၅-၆-၂၀၂၆)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် စာဝင်အမှတ် (၁၈၄/ ၂၀၂၆)ဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းဖြတ်စဲခြင်းကတိစာချုပ်ဖြင့် ကွာရှင်းဖြတ်စဲခဲ့ပါသည်။ ထိုသို့ကွာရှင်းဖြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ဘဲ နောက်နောင်တွင်လည်း တစ်ဦး၏ကိုယ်ရေးကိုယ်တာ ကိစ္စဟူသမျှ ဝင်ရောက်စွက်ဖက်ခြင်း၊ နောက်ယှက်ခြင်းတို့အားမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထင်လင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
၀၉ ၅၅၀ ၆၁၄၆

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၈၄(၂)၊ ဦးပိုင်အမှတ် ၁-က၊ ပြင်ဦးလွင်-မန္တလေးကားလမ်း၊ ၃၅၂၄၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြန်းဝေ ၁၂/မရက(နိုင်)၀၈၀၉၅၂၅ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၄၉၉၊ ဦးပိုင်အမှတ် ၃၇-ခ၊ ၅၉၄၄၀လမ်း၊ ၃၉၄၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကောင်းဆက်ဖြိုးဟန် ၅/ကသန (နိုင်)၀၈၉၅၅၉၉၈ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၁၂ ဦးပိုင်အမှတ် ၇၁၊ ၄၇၄၄၈ ကြား၊ ၁၀၅၂၀၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကြည် ၉/မရတ(နိုင်)၁၀၆၈၃၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၄၄၉/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှိလောကံအဲ ၁၃/လကန(နိုင်)၀၀၆၀၁၂က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ ပင်းယ(၁)လမ်း၊ မြေကွက်အမှတ်-၁၁၄၃၊ ဒေါက်တာတင်ဦး (၁၂/ဒကန (နိုင်)၀၀၃၇၀၅) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (၀ပေ၀×၀ပေ၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လုပ်ကိုယ်တိုင် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နိုင်ဆုဝေ	ဒေါ်မိုးစိမ်းနိုင်	ဒေါ်ပိုးစိမ်းဇော်
(LL.B, D.B.L , D.I.P.L)	(LL.B, D.B.L, D.I.P.L)	(LL.B, D.B.L, D.I.P.L)
(စဉ်-၅၃၃၆၉)	(စဉ်-၁၃၄၉၁)	(စဉ်-၅၇၅၅၇)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် - ၅၈၊ မဟာစွမ်းလမ်းဖြိုလမ်း (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၅၀၀၂၈၁၀၄ ၊ ၀၉-၄၅၅၆၇၇၆၁၅၅

ဖခင်အမည်မှန်

ကျွဲပွဲမြို့၊ အခြေခံပညာ အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ယူနေသော မောင်စွမ်းထက်ဦး၏ ဖခင် ဦးအေးမင်းထွန်း၏ အမည်မှန်မှာ ဦးဌေးလွင် ၇/အတန(နိုင်) ၀၆၅၆၈၆ ဖြစ်ပါကြောင်း။ **ဦးဌေးလွင်**

ဖခင်အမည်မှန်

ဧရွန်မြို့နယ်၊ အ.ထ.က(ခွဲ) မဟာသာ Grade - 9 တွင် ပညာသင်ကြားနေသောမောင်ပြည့်မိုး ဆက်၏ဖခင်အမည်မှန်မှာ ဦးတိုး စ/မကန(နိုင်) ၂၁၄၉၇၁ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

